# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ဂုဏ်သတင်းပျံ့နှံ့လှိုင်ကြူ**

ပန်းရနံ့သည် လေညာကိုမသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရှန်းပန်းအနံ့သည်လည်း လေညာသို့မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လှိုင်ကြူ၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)


၁၃၈၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၀ ရက် ၂၀၂၃ ခုနှစ်၊ ဧပြီ ၁၄ ရက်၊ သောကြာနေ့ အတွဲ (၆၂)၊ အမှတ်(၁၉၂)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးတင်ဦးလွင်တို့ နေပြည်တော်မြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း နေပြည်တော်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်နှင့် နေပြည်တော်လမ်းလျှောက်သင်္ကြန် ဖွင့်ပွဲအခမ်းအနားတို့သို့ တက်ရောက်ဖွင့်လှစ်ပေးပြီး အတာရေသဘင်ပွဲ ပျော်ရွှင်စွာပါဝင်ဆင်နွှဲ

**နေပြည်တော် ဧပြီ ၁၃**

မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ်မှ ၁၃၈၅ ခုနှစ်သို့ ကူးပြောင်းမည့် မြန်မာ့ရိုးရာနှစ်သစ်ကူး မဟာအတာသင်္ကြန်ပွဲတော် နေပြည်တော်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမရှေ့ရှိ အဆိုပါမဏ္ဍပ်၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်ဖွင့်လှစ်ပေးပြီး အတာရေသဘင်ပွဲကို ပျော်ရွှင်စွာပါဝင်ဆင်နွှဲသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ✪

# မကောင်းမှုရှောင်၊ ကောင်းမှုဆောင် ဖြူအောင် စိတ်ကိုထား

နွေလများ၏ အစဖြစ်သော တန်ခူးလသည် ထူးခြားသည့် အလှအပများနှင့် ပြည့်စုံသောလဖြစ်သည်။ ရတနသုတ်ပါဠိတော်တွင် "ဝနပ္ပဂုမ္ဗေ၊ ယထ ဖုဿိတဂ္ဂေ၊ ဂိမှာန မာသေ ပဌမသ္မိံဂိမှေ။" နွေလများတွင် အဦးအစဖြစ်သော တန်ခူးလ၌ ကောင်းစွာပွင့်သည့် ခက်ဖျားစုံသော တောအုပ်သည် အသရေရှိလှဘိ၏ဟူ၍ ကျူးရင့်ကာ ဗုဒ္ဓမြတ်ဘုရားဟောကြားတော်မူခဲ့သည့် တရားတော်များနှင့်ပင် နှိုင်းယှဉ်ထပ်တူပြုခဲ့သည်။

တန်ခူးလသည် နေ့တာနှင့်ညတာ တူမျှ၍ ခြောက်သွေ့သော ရာသီဖြစ်သည့်အလျောက် အပူဒဏ်ကိုလည်း ခံစားကြရသည်။ နှစ်ဟောင်းကုန်၍ နှစ်သစ်ကူးအခါသမယသည်လည်း တန်ခူးလအတွင်း ကျရောက်ပြီး သင်္ကြန်ပွဲတော်ကို ရှေးကာလကတည်းကပင် အစဉ်အလာမပျက် ဆင်နွှဲခဲ့ကြသည်။ သင်္ကြန်၏ အဓိပ္ပာယ်ကို ဖွင့်ဆိုရာတွင် သင်္ကန္တဟူသော သက္ကတ၊ သင်္ကန္တဟူသော ပါဠိဝေါဟာရတို့မှ ဆင်းသက်လာခြင်းဖြစ်ပြီး "ကူးခြင်း၊ ပြောင်းရွှေ့ခြင်း" ဟူ၍ ဖွင့်ဆိုကြသည်။ ရာသီအကူးအပြောင်းတွင် ရွက်ဟောင်းကြွေ၍ ရွက်သစ်တို့ ဝေသည့်နည်းတူ ပြက္ခဒိန်နှစ်ဟောင်းတစ်ခု ကုန်ဆုံး၍ နှစ်သစ်သို့ ကူးပြောင်းခြင်းပင်ဖြစ်သည်။

ရိုးရာယဉ်ကျေးမှုအစဉ်အလာအရ ကျင်းပသော သင်္ကြန်ပွဲတော်သည် သန့်စင်သည့် ရေကြည်ရေအေးဖြင့် အပူဒဏ်ကို လျော့ပါးစေသကဲ့သို့ မကောင်းမှုနှင့် အဆိုး၊ အညစ်တို့ကို ဆေးကြောသုတ်သင်သည့် အနက်အဓိပ္ပာယ်၊ အကုသိုလ်နှင့် ဒုစရိုက်တို့ကို ဖယ်ရှားကာကုသိုလ်နှင့် သုစရိုက်တို့တိုးပွားစေသည့် အနက်အဓိပ္ပာယ်တို့ဖြင့် ကျင်းပကြခြင်းလည်းဖြစ်သည်။ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့အနေဖြင့် လူ့ဘောင်လောကတွင် လောဘတို့ဖုံးလွှမ်းလာပါက ဒုဗ္ဘိက္ခန္တရ ကပ်ခေါ် အငတ်ဘေးတို့ ကျရောက်လာတတ်သည်ဟူ၍ လည်းကောင်း၊ လူ့ဘောင်လောကတွင် ဒေါသတို့ဖုံးလွှမ်းလာပါက သတ္တန္တရကပ်ခေါ် စစ်မက်ဘေးတို့ ကျရောက်လာတတ်သည်ဟူ၍ လည်းကောင်း၊ လူ့ဘောင်လောကတွင် မောဟတို့ ဖုံးလွှမ်းလာပါက ရောဂန္တရကပ်ခေါ် အနာရောဂါ ဘေးတို့ကျရောက်လာတတ်သည်ဟူ၍ လည်းကောင်း ယုံကြည်ကြသည်။

လောဘ၊ ဒေါသ၊ မောဟတို့သည် ဖျက်ဆီးတတ်သော တရားများ ဖြစ်ကြသည့်အလျောက် မိမိတို့တစ်ဦးချင်း၊ တစ်ယောက်ချင်းစီတို့တွင်လည်း ပယ်နိုင်၊ သတ်နိုင်အောင် ကျင့်ကြံကြိုးပမ်းကြရမည်ဖြစ်သည့်အပြင် မီးစတစ်စမှ စတင်ကာ တစ်လောကလုံးလောင်သည့် မီးမဖြစ်စေရန်လည်း တားဆီးငြိမ်းသတ်နိုင်ပါမှ လူ့ဘောင်လောကလှပသာယာနိုင်မည်ဖြစ်သည်။ မိမိတို့အားလုံး တူရူပြုနေကြရသည့် မျက်မှောက်လောကမှာမူ လောဘ၊ ဒေါသ၊ မောဟတို့သည် နည်းပညာခေတ်ကြီး၏ တိုးတက်လျင်မြန်မှုကို အခွင့်ကောင်းယူ အသုံးချကာ တောမီးပမာ ပြန့်သည့်ထက်ပြန့်အောင်၊ လောင်ကျွမ်းသည်ထက် လောင်ကျွမ်းအောင် တို့လျက်၊ ရှို့လျက်နေကြသည်။ ကုသိုလ်ကို ကုသိုလ်မှန်း မသိစေရန်၊ အကုသိုလ်ကို အကုသိုလ်မှန်း မသိစေရန်၊ ဒုစရိုက်မှန်း၊ သုစရိုက်မှန်းမသိစေရန် မောဟမှိုင်း တိုက်နေကြသည်။ လူမျိုးတစ်မျိုး၏ ရေသောက်မြစ်သဖွယ်ဖြစ်သော ယဉ်ကျေးမှုကို ပျက်စီးအောင်လည်း ရည်ရွယ်ချက်ရှိရှိ ဖျက်ဆီးလျက်ရှိကြသည်။

နှစ်ဟောင်းကုန်ဆုံး၍ နှစ်သစ်သို့ ကူးပြောင်းသည့်ကာလတွင် နှစ်ဟောင်းမှ မကောင်းမှုများနှင့် စိတ်နှလုံး၏ အညစ်အကြေးတို့ကို အတာရေနှင့်အတူ ဆေးကြောသန့်စင်နိုင်ကြပါစေကြောင်းနှင့် ဗုဒ္ဓဝါဒ၏ အနှစ်သာရဖြစ်သော "သဗ္ဗပါပဿ အကရဏံ၊ ကုသလဿ ဥပသမ္ပဒါ၊ သစိတ္တ ပရိယောဒါပနံ၊ ဧတံ ဗုဒ္ဓါန သာသနံ"ဟူသော တရားပါဠိတော်နှင့်အညီ မကောင်းမှုတို့ကို ရှောင်ရှား၍ ကောင်းမှုဟူသမျှ ပြုကြကာ စိတ်နှလုံးဖြူစင်သန့်ရှင်းအောင် မလျှော့သောခွဲ၊ လုံ့လတို့ဖြင့် ကျင့်ကြံကြိုးကုတ် အားထုတ်တော်မူနိုင်ကြပါစေကြောင်း။ ။



## မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော်နှင့် ဇီဝိတဒါနငါးလွှတ်ပွဲ အခမ်းအနားကျင်းပ



ရန်ကုန် ဧပြီ ၁၃

မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့နှင့် စိမ်းလန်းစိုပြည်ဂါးဒင်းတို့ ပူးပေါင်းကျင်းပသည့် ၁၃၈၄ ခုနှစ် မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော်နှင့် ဇီဝိတဒါန ငါးလွှတ်ပွဲအခမ်းအနားကို ယနေ့ညပိုင်းတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အင်းလျားကန်အနီးရှိ စိမ်းလန်းစိုပြည်ဥယျာဉ်အတွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၏ ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများ၏ ဇနီးများ၊ မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်း စောင့်ရှောက်ရေးအဖွဲ့ (MCHT)မှ ဒေါ်စန္ဒာခင်နှင့် အဖွဲ့ဝင်များ၊ စိမ်းလန်းစိုပြည်ဂါးဒင်းမှ တာဝန်ရှိသူများ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများနှင့် သင်္ကြန်ချစ်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေး အဖွဲ့ (MCHT)မှ ဒေါ်စန္ဒာခင်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ ဇနီးနှင့် တက်ရောက်လာကြသူများသည် အနုပညာရှင် ပျိုဖြူကလေးများ၏ ယိမ်းအကဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြပြီး အလှူရှင်များ စုပေါင်းလှူဒါန်းထားသော ငါးကျည်း၊ငါးခူအစရှိသော ငါးကောင်ရေ ၂၀၀၀ ကျော်ကို အင်းလျားကန်အတွင်း ဇီဝိတဒါနအနေဖြင့် လွှတ်ပေးကြသည်။ **(အပေါ်ပုံ)**

ယင်းနောက် မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော်သို့ တက်ရောက်လာကြသူများက စုပေါင်း မုန့်လုံးရေပေါ်လုံးခြင်း၊ စတုဒိသာများ အတူတကွသုံးဆောင်ခြင်းနှင့် အဆိုအကများဖြင့် ဖျော်ဖြေကြပြီး ဧည့်သည်တော်များက အဆို၊ အက၊ ယိမ်းများတွင် ပါဝင်ဆင်နွှဲကြကာ ရေပက်ကစားကြသည်။

ယခု မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတွင် အလှူရှင်များ၊ ဂေါက်သီးရိုက် မိတ်ဆွေအဖွဲ့များ၊ မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့နှင့် စိမ်းလန်းစိုပြည်ဂါးဒင်းတို့က စတုဒိသာကျွေးမွေးခြင်းနှင့် ဇီဝိတဒါန ငါးလွှတ်ခြင်းတို့ကို ကုသိုလ်ပါဝင်ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ရခိုင်ရိုးရာ သင်္ကြန်နံ့သာသွေးပွဲနှင့် ဘုရားရေသပ္ပာယ်ပွဲ ရန်ကုန်မြို့ရှိ ရခိုင်ဓမ္မာရုံ၌ ကျင်းပ

ရန်ကုန် ဧပြီ ၁၃

ရခိုင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့ (ရန်ကုန်)၊ ရခိုင်မြို့နယ် အသင်းများနှင့် ရခိုင်လူမှုရေး အသင်းအဖွဲ့များ ပူးပေါင်းကျင်းပသည့် ရခိုင်ရိုးရာသင်္ကြန် နံ့သာသွေးပွဲနှင့် ဘုရားရေသပ္ပာယ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ ရခိုင်ပြည်နယ်ဓမ္မာရုံ၌ ကျင်းပသည်။

ဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ဖွင့်လှစ်ကြပြီး ရွှေပြည်သာ ရခိုင်ရိုးရာစည်တော်အဖွဲ့က ရခိုင်စည်တော်တီးခတ်၍ ဦးထွန်းဝင်းက သင်္ကြန်ရတုကို သီဆိုကျူးရင့်သည်။

ယင်းနောက် ရခိုင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့ (ရန်ကုန်) နာယက ဒေါက်တာအေးချမ်းက အဖွင့်အမှာစကား ပြောကြားပြီး ရခိုင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့ (ရန်ကုန်)ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားသည်။



ထို့နောက် ရခိုင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့ (ရန်ကုန်)၊ ရခိုင်မြို့နယ် အသင်းများနှင့် ရခိုင်လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များက အမွှေးနံ့သာရည်ဖြင့် ဘုရားများအား ရေသပ္ပာယ်ကြသည်။(ဝဲပုံ)

ယင်းနောက် ရွှေပြည်သာရခိုင်ရိုးရာ ယဉ်ကျေးမှုယိမ်းအဖွဲ့နှင့် ရခိုင်တန်ဆောင် အမျိုးသမီးများအဖွဲ့က ပျို့အလှနှင့် ခါသင်္ကြန်ယိမ်းအကများဖြင့် ကပြဖျော်ဖြေတင်ဆက်ကြကာ ရခိုင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့ (ရန်ကုန်)ဥက္ကဋ္ဌ ဦးသန်းမောင်က ကျေးဇူးတင်စကားပြောကြားသည်။

**သတင်း၊ဓာတ်ပုံ-ကိုကိုဇော်(MNA)**

## နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးတို့မှ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန် ရေသဘင်ပွဲတော် ကျင်းပမှုများ MRTV မှ တိုက်ရိုက် Live ထုတ်လွှင့်လျက်ရှိ

နေပြည်တော် ဧပြီ ၁၃

မြန်မာသက္ကရာဇ် ၁၃၈၄ခုနှစ် မဟာသင်္ကြန် ရေသဘင်ပွဲတော်ကို မြန်မာနိုင်ငံ တစ်ဝန်းတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိကြရာ မြန်မာနိုင်ငံ၏ မြို့တော်နေပြည်တော်တွင်လည်းကောင်း၊ စီးပွားရေးမြို့တော်ဖြစ်သည့် ရန်ကုန်မြို့တွင်လည်းကောင်း၊ ယဉ်ကျေးမှုမြို့တော်ဖြစ်သည့် မန္တလေးမြို့တွင်လည်းကောင်း ကျင်းပမှုများကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ စီစဉ်ရိုက်ကူးပြီး MRTV ရှိ Channel လေးခုမှ တိုက်ရိုက် Live ထုတ်လွှင့်လျက်ရှိသည်။

ထိုကဲ့သို့ ထုတ်လွှင့်မှုကို သင်္ကြန်အကျနေ့ ဧပြီ ၁၄ ရက်၊ သင်္ကြန်အကြတ်နေ့ ဧပြီ ၁၅ ရက်နှင့် သင်္ကြန်အတက်နေ့ ဧပြီ ၁၆ ရက်တို့တွင် နေ့စဉ် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီ နှင့် မွန်းလွဲ ၃ နာရီမှ ညနေ ၆ နာရီအထိ နေပြည်တော်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ် ကျင်းပပုံများကို MRTV Farmers' Channel မှ လည်းကောင်း၊ နေပြည်တော်လမ်းလျှောက်သင်္ကြန် ကျင်းပပုံများကို တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်း MRTV (NRC) မှ လည်းကောင်း၊ ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်နှင့် ပြည်သူ့ရင်ပြင်မှ လမ်းလျှောက်သင်္ကြန် ကျင်းပပုံများကို MRTV Sports Channel မှလည်းကောင်း၊ မန္တလေးမြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ်နှင့် မင်္ဂလာမန္တလေးမှ လမ်းလျှောက်သင်္ကြန်ကျင်းပပုံများကို MRTV Parliament Channel မှ လည်းကောင်း တိုက်ရိုက် Live ထုတ်လွှင့်လျက်ရှိသည်။

အဆိုပါ နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးတို့မှ ကျင်းပပုံများအပြင် မြန်မာနိုင်ငံတစ်ဝန်းတွင် သင်္ကြန်အကြိုနေ့မှ သင်္ကြန်အတက်နေ့အထိ မဟာသင်္ကြန်ရေသဘင်ပွဲတော် ပျော်ရွှင်စွာ ဆင်နွှဲကြမည့် မြင်ကွင်းများကို စုစည်း၍ MRTV – HD Channel မှ မွန်းလွဲ ၂ နာရီမှ မွန်းလွဲ ၃ နာရီအထိ လည်းကောင်း၊ ည ၉ နာရီခွဲခန့်တွင်လည်းကောင်း ထုတ်လွှင့် တင်ဆက်သွားမည်ဖြစ်သည်။

**သတင်းစဉ်**



နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးတင်ဦးလွင် နှစ်သစ်ကူး နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။







နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း သင်္ကြန်ယိမ်းအကအဖွဲ့များအား သပြေခက်ဖြင့် အတာသင်္ကြန်ရေပက်ဖျန်းပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း နိုင်ငံကျော်တေးသံရှင်များနှင့် အနုပညာရှင်များအား ဂုဏ်ပြုသစ်သီးခြင်း ပေးအပ်စဉ်။

❂ *ရှေ့ဖုံးမှ*

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်၏ ဇနီး ဒေါ်သန်းသန်းနွယ်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ကြီးဌာနများ၊ ခရိုင်နှင့် မြို့နယ်များမှ သင်္ကြန်ယိမ်းအဖွဲ့များ၊ နိုင်ငံကျော်အနုပညာရှင်များနှင့် တေးသံရှင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် သင်္ကြန်ကို ချစ်မြတ်နိုးကြသည့် ပြည်သူများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဉာဏ်ဝင်းက ၁၃၈၄ ခုနှစ် နေပြည်တော်မြို့တော်ဝန် မဟာသင်္ကြန်ပွဲတော် နှစ်သစ်မင်္ဂလာပိုဒ်စုံရတုကို ဖတ်ကြားပြီး နေပြည်တော်မြို့တော်ဝန် ဦးတင်ဦးလွင်က နှစ်သစ်ကူး နှုတ်ခွန်းဆက်စကား ပြောကြားသည်။

### ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးတင်ဦးလွင်တို့က နေပြည်တော် မြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

### အတာသင်္ကြန်ရေပက်ဖျန်း

ယင်းနောက် သင်္ကြန်ယိမ်းအကအဖွဲ့များက မြူမှောင်ဝေကင်းသီချင်းဖြင့် စုပေါင်းသီဆို ကပြဖျော်ဖြေကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ဇနီး၊ ကောင်စီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ နေပြည်တော်မြို့တော်ဝန်နှင့် ဇနီးနှင့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများက သင်္ကြန်ယိမ်းအကအဖွဲ့များ၊ အနုပညာရှင်များနှင့် တေးသံရှင်များကို သပြေခက်ဖြင့် အတာသင်္ကြန်ရေပက်ဖျန်း ပေးကြသည်။

ထို့နောက် တေးသံရှင်များ၊ အနုပညာရှင်များနှင့် သင်္ကြန်ယိမ်းအဖွဲ့များက

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် နေပြည်တော်မြို့တော်ဝန် ဦးတင်ဦးလွင်တို့ နေပြည်တော်လမ်းလျှောက်သင်္ကြန်မုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

*စာမျက်နှာ ၃ မှ*

တူးပို့တူးပို့၊ ရွှေမန်းမာလာ၊ ရွှင်လန်းချမ်းမြေ့ပါစေသီချင်းတို့ဖြင့် သီဆိုကပြဖျော်ဖြေတင်ဆက်ကြသည်။

**ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေခဲ့ကြသည့် နိုင်ငံကျော်တေးသံရှင်များ၊ အနုပညာရှင်များကို ဂုဏ်ပြုသစ်သီးခြင်းနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဂီတပညာရှင်များကို ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

နေပြည်တော်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်တွင် မြန်မာအသံ ခေတ်ပေါ်တေးဂီတနှင့်တွဲဖက်၍ နိုင်ငံကျော်အနုပညာရှင်များနှင့် တေးသံရှင်များ၊ ဝန်ကြီးဌာနများ၊ ခရိုင်/မြို့နယ်များမှ သင်္ကြန်ယိမ်းအကအဖွဲ့များ၏ ယိမ်းအကအလှများဖြင့် သီဆိုကပြဖျော်တင်ဆက်သွားကြမည်ဖြစ်ပြီး သင်္ကြန်ချစ်သူများနှင့် ရေကစားကြသူများအတွက် ဖျော်ဖြေရေးအစီအစဉ်နှင့် ရေပက်ကစားခြင်းတို့ကို နေ့စဉ်နံနက် ၉ နာရီမှ ၁၂ နာရီအထိလည်းကောင်း၊ မွန်းလွဲ ၃ နာရီမှ ညနေ ၆ နာရီအထိလည်းကောင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

နေပြည်တော်၌ မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်အပြင် နေပြည်တော်လမ်းလျှောက်သင်္ကြန်နှင့် ရေပန်းဥယျာဉ်တို့တွင်လည်း သင်္ကြန်ပွဲများကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပြီး ပြည်သူများ အေးချမ်းပျော်ရွှင်စွာ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်အညီ ရေပက်ကစားနိုင်ရေး တာဝန်ရှိသူများက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးလျက် ရှိကြောင်းနှင့် စတုဒိသာမဏ္ဍပ်များ၌ အကျွေးအမွေးများဖြင့် ဧည့်ခံကျွေးမွေးသွားမည်ဖြစ်ကြောင်း သိရသည်။

နေပြည်တော်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်ဖွင့်ပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် နေပြည်တော်လမ်းလျှောက်သင်္ကြန်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

**သင်္ကြန်မုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်**

ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် နေပြည်တော်မြို့တော်ဝန် ဦးတင်ဦးလွင်တို့က နေပြည်တော်လမ်းလျှောက်သင်္ကြန်မုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

**ကပြသီဆိုဖျော်ဖြေ**

ထို့နောက် ဝန်ကြီးဌာနကိုယ်စားပြုယိမ်းအလှသမီးပျိုများက တယောပညာရှင် ဂျူးဂျူးကေ၏ သင်္ကြန်မိုးတေးသီချင်းဖြင့် တီးခတ်မှုနှင့်အတူ သံပြိုင်ညီညာကပြသီဆိုဖျော်ဖြေကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ဇနီး၊ ကောင်စီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ နေပြည်တော်မြို့တော်ဝန်နှင့် ဇနီးတို့က သင်္ကြန်ယိမ်းအကအဖွဲ့များ၊ အနုပညာရှင်များကို သပြေခက်ဖြင့် အတာသင်္ကြန်ရေ ပက်ဖျန်းပေးကြသည်။

**အတာရေသဘင်ပွဲ ပျော်ရွှင်စွာဆင်နွှဲ**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သနပ်ခါးသင်္ကြန်ဇုန်အတွင်း ရေပက်ကစားနေမှု၊ တိုင်းရင်းသားသင်္ကြန်ဇုန်အတွင်း တိုင်းရင်းသားမောင်မယ်များ ရေပက်ကစားနေမှု၊ နေပြည်တော် လမ်းလျှောက်သင်္ကြန်ဖျော်ဖြေရေးမဏ္ဍပ်တွင် အနုပညာရှင်များနှင့် သင်္ကြန်ယိမ်းအဖွဲ့များ၏ ဖျော်ဖြေတင်ဆက်နေမှု၊ လူငယ်သင်္ကြန်ဇုန်အတွင်း ရောင်စုံသင်္ကြန်ဆင်နွှဲရန် ပြင်ဆင်ထားမှု၊ ခေတ် ၄ ခေတ် သင်္ကြန်ပွဲဆင်နွှဲမှုများကို အလှပြယာဉ်များဖြင့် သရုပ်ဖော်မှု၊ လူငယ်များအတွက် Games Show များကို လှည့်လည်ကြည့်ရှုအားပေးကြပြီး ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများ၊ ပြည်သူများနှင့်အတူ တစ်ခဲနက် အတာရေသဘင်ပွဲကို ပျော်ရွှင်စွာဆင်နွှဲကြသည်။

*စာမျက်နှာ ၅ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များ ခေတ် ၄ ခေတ် သင်္ကြန်ပွဲ ဆင်နွှဲသရုပ်ဖော်မှုများကို ကြည့်ရှုအားပေးစဉ်။







နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များ နေပြည်တော်လမ်းလျှောက်သင်္ကြန်ဇုန်အတွင်း လှည့်လည်ကြည့်ရှုအားပေးပြီး ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများ၊ ပြည်သူများနှင့်အတူ တစ်ခဲနက် အတာရေသဘင်ပွဲကို ပျော်ရွှင်စွာဆင်နွှဲစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၏ ဇနီး ဒေါ်သန်းသန်းနွယ် သင်္ကြန်ယိမ်းအကအဖွဲ့အား သပြေခက်ဖြင့် အတာသင်္ကြန်ရေ ပက်ဖျန်းပေးစဉ်။



သနပ်ခါးသွေး ပါဝင်ဆင်နွှဲနေသည့်ပျိုမေများ။




လမ်းလျှောက်သင်္ကြန်တွင် ပြည်သူများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲနေမှုကို တွေ့ရစဉ်။




နိုင်ငံကျော်တေးသံရှင်များ၏ ဖျော်ဖြေတင်ဆက်မှုကို တွေ့ရစဉ်။



ကစားကွင်းတွင် ကလေးငယ်များ ပျော်ရွှင်စွာ ကစားနေမှုကို တွေ့ရစဉ်။

*စာမျက်နှာ ၄ မှ*

ယခုနှစ် အတာသင်္ကြန်ပွဲတော်တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ ဝန်ထမ်းများအချင်းချင်း၊ ဝန်ထမ်းမိသားစုများနှင့် ပြည်သူများအချင်းချင်း ချစ်ကြည်ရင်နှီးစွာဖြင့် ပျော်ရွှင်မှုရရှိစေရန် ရည်ရွယ်၍ နေပြည်တော်လမ်းလျှောက်သင်္ကြန်ကို သင်္ကြန်အကြိုနေ့မှစတင်ကာ ပျဉ်းမနား - တောင်ညို လမ်းပေါ်ရှိ နေပြည်တော် မြို့တော်ဝန်မဏ္ဍပ်အနီးမှ စည်ပင်ဒြေ့ရိပ်သာလမ်းဆုံအထိ ဇုန်(၄) ဇုန် သတ်မှတ်ကာ ခေတ်နှင့်အညီ ထည့်သွင်းကျင်းပလျက်ရှိသည်။

ဇုန် (၁) တွင် သနပ်ခါးသင်္ကြန်၊ ဇုန် (၂) တွင် တိုင်းရင်းသားသင်္ကြန်၊ ဇုန်(၃) တွင် မြန်မာမှုမပျောက်ပျက်စေရန်နှင့် နိုင်ငံတကာအဆင့်တန်းမီ အလုပြ ဖျော်ဖြေရေးအစီအစဉ်များနှင့် ဇုန်(၄)တွင် လူငယ်နှင့် ကလေးငယ်များအတွက် လူငယ်ဂိမ်းသင်္ကြန် အစီအစဉ်များကို ထည့်သွင်းကျင်းပပေးလျက်ရှိကြောင်းနှင့် ယခုနှစ် မဟာအတာသင်္ကြန်ပွဲတော်ကို နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့ကြီးများ အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ ပြည်သူများ ယဉ်ကျေးသိမ်မွေ့စွာ ရေပက်ကစား၍ အေးချမ်းပျော်ရွှင်စွာ ပါဝင်ဆင်နွှဲလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## သာစည်မြို့၌ မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်ဖွင့်ပွဲအခမ်းအနားကျင်းပ

**သာစည် ဧပြီ ၁၃**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့၌ မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော် ရွှေသာစည်ဗဟိုမဏ္ဍပ်ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁၃ ရက် မွန်းလွဲ ၃ နာရီက စည်ပင်သာယာပန်းခြံရှေ့ မိတ္ထီလာ-တောင်ကြီးကားလမ်းဘေး ရှိ အဆိုပါမဏ္ဍပ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသက်ကျော်က နှုတ်ခွန်းဆက်စကားပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် ဗိုလ်မှူးတေဇာမြင့်၊ ဦးစိုးဝင်းအောင်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန သာစည်မြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးကျော်လွင်နှင့် အတွင်းရေးမှူး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းသွင်ဦးတို့က ရွှေသာစည်ဗဟိုမဏ္ဍပ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ (ယာပုံ) ထို့နောက် ယိမ်းအကအဖွဲ့များက "မြူမှောင်ဝေကင်း" သီချင်းဖြင့် ကပြဖျော်ဖြေကြရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက အတာရေပက်ဖျန်းပေးသည်။

ရွှေသာစည်ဗဟိုမဏ္ဍပ်တွင် သင်္ကြန်အကျနေ့၊ အကြတ်နေ့နှင့် အတက်နေ့များတွင် စတုဒိသာကျွေးခြင်း၊ ယိမ်းအဖွဲ့များက ကပြဖျော်ဖြေခြင်း၊ တီးဝိုင်းအဖွဲ့က တေးသီချင်းများဖြင့် ဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ၁၃၈၄ ခုနှစ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုရေကစားမဏ္ဍပ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်

**နေပြည်တော် ဧပြီ ၁၃**

သင်္ကြန်ဆိုသည်မှာ "သင်္ကန္တ" ဆိုသော ပါဠိပုဒ်မှ ဆင်းသက်လာပြီး "ကူးပြောင်းခြင်း" ဟု အဓိပ္ပာယ်ရသည်။ နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းသော အဓိပ္ပာယ်ဖြစ်သည်။ သင်္ကြန်ကို အတာသင်္ကြန်ဟုလည်းခေါ်သည်။ အတာသည်လည်း နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းခြင်းဟူ၍ပင် အဓိပ္ပာယ်ရသည်။ နှစ်ဟောင်းမှ အညစ်အကြေးများကို ရေစင်ရေသန့်တို့နှင့် ပက်ဖျန်းခြင်းကြောင့် စိတ်ကို ကြည်လင်အေးမြစေပြီး ငြိမ်းအေးပါစေကြောင်း ဆန္ဒပြုကြလျက် နွေရာသီအပူများကို အေးမြစေကြောင်း ရေပက်ဖျန်း၍ သင်္ကြန်ပွဲတော်ကို နိုင်ငံတစ်ဝန်းလုံးတွင် ခြိမ့်ခြိမ့်သဲသဲဖြင့် ပျော်ရွှင်စွာ ဆင်နွှဲလေ့ရှိကြသည်။

ထိုသို့ပျော်ရွှင်စွာ ဆင်နွှဲလျက်ရှိရာ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုရေကစားမဏ္ဍပ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။







နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ယိမ်းအဖွဲ့သမီးပျိုများ သင်္ကြန်သီချင်းဖြင့် ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်။

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ မြန်မာ့ရိုးရာအစဉ်အလာနှင့်အညီ မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် ရေကစားမဏ္ဍပ် ဖွင့်ပွဲအခမ်းအနားကို ယနေ့ ညနေပိုင်းတွင် နေပြည်တော် ဇေယျာသီရိရှိ မြက်ခင်းပြင်၌ ကျင်းပပြုလုပ်သည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားကို နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် ဇနီး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ အနုပညာရှင်များ၊ ယိမ်းအဖွဲ့များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များက မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုရေကစားမဏ္ဍပ် ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် ယိမ်းအဖွဲ့သမီးပျိုများက "ရက်မြတ်သင်္ကြန်" သီချင်းဖြင့် ကပြဖျော်ဖြေကြရာ ဖွင့်ပွဲအခမ်းအနားတက်ရောက်လာကြသူများက ယိမ်းအဖွဲ့များနှင့် ဧည့်ပရိသတ်များအား အောင်သပြေခက်ဖြင့် အတာရေ ပက်ဖျန်းပေးကြသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသူများအား သင်္ကြန်စတုဒိသာ အစားအစာများဖြင့် တည်ခင်းဧည့်ခံ၍ မြဝတီတေးဂီတအဖွဲ့နှင့်အတူ နိုင်ငံကျော်အနုပညာရှင်များ၊ ယိမ်းအဖွဲ့များက တေးသီချင်းများ၊ ယိမ်းအကအလှများဖြင့် သီဆိုကပြဖျော်ဖြေကြသည်။

ထို့အတူ ယနေ့ ညနေပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ တပ်မတော်အရာရှိကြီးများက ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ဝင်းအတွင်း အိမ်ထောင်သည်လိုင်းများအနီးရှိ စိန်ပန်းမဏ္ဍပ်၊ မန်ကျည်းရိပ်မဏ္ဍပ်နှင့် နေပြည်တော်တိုင်းမဏ္ဍပ်တို့၏ ရေကစားမဏ္ဍပ်ဖွင့်ပွဲများကို သွားရောက်ဖွင့်လှစ်ပေးကြပြီး ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြကြောင်း သိရှိရသည်။

အဆိုပါ ရေကစားမဏ္ဍပ်များတွင် မဟာသင်္ကြန် အကြိုနေ့မှ အတက်နေ့အထိ စည်ကားသိုက်မြိုက်စွာဖြင့် သင်္ကြန်ယိမ်းအကအဖွဲ့များနှင့် တေးသံရှင်များက ယိမ်းအကများ၊ တေးသီချင်းများဖြင့် သီဆိုကပြ ဖျော်ဖြေသွားမည်ဖြစ်သည်။

၁၃၈၄ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို မြန်မာ့ဓလေ့ထုံးတမ်း အစဉ်အလာများနှင့်အညီ ရိုးရာမပျက် ဆက်လက်ထိန်းသိမ်းရန်၊ ပြည်သူများကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့စွာ ရေသဘင်ပွဲတော်တွင် ယဉ်ကျေးသိမ်မွေ့စွာ ပါဝင်ဆင်နွှဲနိုင်ရန်၊ ပြည်သူများသည် မိမိတို့ပင်ပန်းနွမ်းနယ်သမျှကို အတာရေပက်ဖျန်းလန်းဆန်းစေခြင်းဖြင့် နှစ်သစ်တွင် နိုင်ငံတော်၏ တာဝန်များကို စွမ်းအားပြည့် ဆောင်ရွက်နိုင်ကြစေရန်၊ မြန်မာမှု၊ မြန်မာ့ဟန်များ၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအနှစ်သာရများ၊ အမျိုးသားရေး စရိုက်လက္ခဏာများကို ဆက်လက်ထိန်းသိမ်း စောင့်ရှောက်တတ်ကြစေရန် စသည့် ရည်ရွယ်ချက်များဖြင့် နိုင်ငံတစ်ဝန်းတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခြင်းဖြစ်သည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ယိမ်းအဖွဲ့များနှင့် ဧည့်ပရိသတ်များကို အောင်သပြေခက်ဖြင့် အတာရေ ပက်ဖျန်းပေးစဉ်။

# ပြည်ထဲရေးဝန်ကြီးဌာန မိသားစု မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဧပြီ ၁၃**

မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ်မှ ၁၃၈၅ သို့ ကူးပြောင်းသည့် မဟာသင်္ကြန်ပွဲတော်တွင် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများသည် မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာနှင့်အညီ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကို ယနေ့ နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန ရေကစားမဏ္ဍပ်၌ ကျင်းပသည်။

ဖွင့်ပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်နှင့် ဇနီး၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ် တိုးရီနှင့် ဇနီး၊ ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်ချုပ် ဇင်မင်းထက်နှင့် ဇနီး၊ အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦးနှင့် ဇနီး၊ တပ်ဖွဲ့/ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ အရာရှိကြီးများနှင့် ဇနီးများ၊ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် မိသားစုဝင်များ၊ ပြိုင်ပွဲဝင် ယိမ်းအကအဖွဲ့များနှင့် Dancer အကအဖွဲ့များ စုံညီစွာတက်ရောက်ကြပြီး ပျော်ရွှင်စွာပါဝင်ဆင်နွှဲကြသည်။






ပြည်ထဲရေးဝန်ကြီးဌာနမိသားစု မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲအခမ်းအနားတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ် က နှစ်သစ်ကူးနှုတ်ခွန်းဆက် အမှာစကားပြောကြားပြီး **(အပေါ်ယာပုံ)** ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ် တိုးရီနှင့် ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်ချုပ် ဇင်မင်းထက်တို့က မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်နှင့် ဇနီး ဦးဆောင်သောအဖွဲ့က ယိမ်းအကအဖွဲ့များနှင့် တက်ရောက်လာသူများကို အတာသင်္ကြန်ရေဖြင့် ပက်ဖျန်းပေးခဲ့ပြီး တပ်ဖွဲ့/ ဦးစီးဌာနများမှ ဝန်ထမ်းနှင့် ဝန်ထမ်းမိသားစုများကလည်း မြန်မာ့ရိုးရာယဉ်ကျေးမှု နှင့်အညီ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစု မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော် ရေကစားမဏ္ဍပ် ဖွင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဧပြီ ၁၃**

မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ်တွင် ကျရောက်သည့် မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော်တွင် မြန်မာ့ရိုးရာဓလေ့ထုံးတမ်းအစဉ်အလာနှင့်အညီ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲမည့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ ရေကစားမဏ္ဍပ်ဖွင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၃ နာရီတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဥတ္တရသိဒ္ဓိ ရပ်ကွက်ရှိ ဆောက်လုပ်ရေး ဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ ရေကစားမဏ္ဍပ်၌ ကျင်းပသည်။



အခမ်းအနားသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်နှင့် ဇနီး၊ ဒုတိယဝန်ကြီး ဦးဝင်းဖေနှင့် ဇနီး၊ အမြဲတမ်းအတွင်းဝန် ဦးဝဏ္ဏခေါ်နှင့်ဇနီး၊ အဆောက်အဦဦးစီးဌာန၊ လမ်းဦးစီးဌာန၊ တံတားဦးစီးဌာန နှင့် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဇနီးများ၊ ဌာနကြီးမှူးများ၊ ဝန်ထမ်းမိသားစုများ၊ နိုင်ငံကျော် အဆိုတော်များ၊ ယိမ်းအကအဖွဲ့များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ထို့နောက် မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော် ရေကစားမဏ္ဍပ်ကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ ဒုတိယဝန်ကြီး ဦးဝင်းဖေ၊ အမြဲတမ်းအတွင်းဝန် ဦးဝဏ္ဏခေါ်နှင့် ညွှန်ကြားရေးမှူးချုပ်များက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ယင်းနောက် နိုင်ငံကျော်အဆိုတော်များက မြန်မာ့ရိုးရာသင်္ကြန်တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန ယိမ်းအကအဖွဲ့များက **"မြို့မှောင်ဝေကင်း သီချင်း"**၊ **"ဆောက်လုပ်ရေးမှ ကြိုနေမယ် သီချင်း"** နှင့် **"မန်းတောင်ရိပ်ခို"** တေးသီချင်းများဖြင့် လည်းကောင်း၊ ဖိတ်ကြားထားသည့် ဝန်ကြီးဌာနများမှ ယိမ်းအကအဖွဲ့များက သင်္ကြန်တေးသီချင်းများဖြင့်လည်းကောင်း၊ ကပြဖျော်ဖြေတင်ဆက်ကြပြီး အခမ်းအနားသို့ တက်ရောက်လာသူများကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်း၍ မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်အား ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။

မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ် မြန်မာ့ရိုးရာ ယဉ်ကျေးမှုမဟာ အတာသင်္ကြန်ပွဲတော်ကို နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဥတ္တရသိဒ္ဓိရပ်ကွက်ရှိ ဆောက်လုပ်ရေး ဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ ရေကစားမဏ္ဍပ်၌ သင်္ကြန်အကြိုနေ့၊ သင်္ကြန်အကျနေ့၊ သင်္ကြန်အကြတ်နေ့နှင့် သင်္ကြန်အတက်နေ့များတွင် နေ့စဉ်နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိလည်းကောင်း၊ မွန်းလွဲ ၃ နာရီမှ ညနေ ၆ နာရီအထိလည်းကောင်း အဆိုတော်များ၊ ယိမ်းအကအဖွဲ့များ၏ သီဆိုကပြ ဖျော်ဖြေတင်ဆက်မှုအစီအစဉ်၊ ရေကစားခြင်းများနှင့် စတုဒိသာအကျွေးအမွေးများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မောင်တောမြို့၌ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲကျင်းပ

**မောင်တော ဧပြီ ၁၃**

ရခိုင်ပြည်နယ် မောင်တောမြို့၌ ၁၃၈၄-၁၃၈၅ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့ ညနေ ၄ နာရီက ကညင်တန်းရပ်ကွက်ရှိ ဗဟိုလ်မဏ္ဍပ် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သည်။ **(အောက်ပုံ)**



ရှေးဦးစွာ မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲအခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ ဥက္ကဋ္ဌ ဦးနေဦးက နှစ်သစ်ကူး အမှာစကားပြောကြားပြီး ၂၀၂၃ ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ်၊ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကို ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရုပ်ရှင်သရုပ်ဆောင် မင်းသား သားထက်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။ ထို့နောက် ရိုးရာယဉ်ကျေးမှုအဖွဲ့များက အကအလှများဖြင့် ဖျော်ဖြေပေးခဲ့ကြပြီး တာဝန်ရှိသူများက အတာရေဖြင့် ယိမ်းအဖွဲ့များ၊ ပရိသတ်များအား ရေပက်ဖျန်း၍ တပျော်တပါး ပါဝင်ဆင်နွှဲခဲ့ကြသည်။ ယင်းနောက် ရုပ်ရှင်သရုပ်ဆောင် မင်းသား သားထက်နှင့် ယိမ်းအဖွဲ့များက သင်္ကြန်တေးသီချင်းများဖြင့် ဆက်လက်ဖျော်ဖြေခဲ့ကြကြောင်း သိရသည်။

**သက်လွင်စိုး**

## ဗဟန်းမြို့နယ်၌ မြန်မာ့ရိုးရာနှစ်သစ်ကူး မဟာသင်္ကြန်ပွဲတော်ဖွင့်ပွဲကျင်းပ

**ရန်ကုန် ဧပြီ ၁၃**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်၌ မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ် မြန်မာ့ရိုးရာနှစ်သစ်ကူး မဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲကို ယနေ့ ညနေ ၃ နာရီက ဗဟန်းမြို့နယ်ရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ရှေးဦးစွာ ဗဟန်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ကိုလတ်က မြန်မာ့ရိုးရာနှစ်သစ်ကူး မဟာသင်္ကြန်ပွဲတော် ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ကိုလတ်နှင့် အဖွဲ့ဝင်များ၊



ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက ၁၃၈၄ ခုနှစ် နှောင်းတန်ခူး လပြည့်ကျော် ၁၃ ရက်နေ့တွင် ကျရောက်သော မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် အကြိုနေ့အဖြစ် ဖွင့်ပွဲအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ **(အပေါ်ပုံ)**

**အောင်မြင့်(ပြန်/ဆက်)**

# မန္တလေးမြို့တော် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်နှင့် မြို့တော်မဟာသင်္ကြန်မဏ္ဍပ်ဖွင့်ပွဲ အခမ်းအနားကျင်းပ

**မန္တလေး ဧပြီ ၁၃**

မန္တလေးမြို့တော် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်နှင့် မြို့တော်မဟာသင်္ကြန်မဏ္ဍပ်ဖွင့်ပွဲအခမ်းအနားကို မြန်မာသက္ကရာဇ် ၁၃၈၄ခုနှစ်(သင်္ကြန်အကြိုနေ့) ယနေ့ညနေပိုင်းတွင် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရုံးရှေ့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးမောင်ကိုနှင့် ဇနီး၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် အောင်ဇော်ထွေးနှင့် ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ မန္တလေးမြို့ အခြေစိုက်အိန္ဒိယနှင့် တရုတ်ကောင်စစ်ဝန်ချုပ်များ၊ စစ်ဘက်ဆိုင်ရာ၊ ဌာနဆိုင်ရာတို့မှ အရာရှိအကြီးအကဲများ၊ မြို့မိမြို့ဖများ၊ ရုပ်ရှင်နှင့် ဂီတအနုပညာရှင်များ၊ အခြေခံပညာကျောင်းများနှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တို့မှ သင်္ကြန်ယိမ်းအဖွဲ့များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။



### ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြား

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်က မန္တလေးမြို့ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ဖွင့်ပွဲ ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီးနောက် မန္တလေး မြို့တော်ဝန် ဦးကျော်ဆန်းက မြို့တော်မဟာသင်္ကြန်မဏ္ဍပ်ဖွင့်ပွဲ နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးမောင်ကို၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ဒုတိယတိုင်းမှူး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် အဖွဲ့တို့က မန္တလေးမြို့တော် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်နှင့် မြို့တော်မဟာသင်္ကြန်မဏ္ဍပ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးလိုက်သည်နှင့်တစ်ပြိုင်နက် သင်္ကြန်ယိမ်းအကအဖွဲ့ ၉၀၀ နှင့် တက်ရောက်လာသူတို့က မိုးပျံပူဖောင်းများ လွှတ်တင်ကာ မန်းစည်ပင်တေးဂီတအဖွဲ့နှင့်အတူ ချမ်းအေးစေမည့် မန္တလေးသင်္ကြန်နှင့် မန်းတောင်ရိပ်ခိုသီချင်းတို့ဖြင့် ကပြဖျော်ဖြေပြီးနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးမောင်ကိုနှင့်အဖွဲ့သည် မန္တလေးမြို့တော် မဟာသင်္ကြန်မဏ္ဍပ်ရှေ့မှ ဖြတ်သန်းဂါရဝပြုနှုတ်ဆက်သည့် မန္တလေးမြို့ဂုဏ်ဆောင် မြို့မငွေငန်းအလှပြယာဉ်မှ သီဆိုသူများနှင့် ယိမ်းအကအဖွဲ့တို့ကို အပြန်အလှန် နှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့်အဖွဲ့သည် မန်းစည်ပင်ဆိုင်းဝိုင်းနှင့်အတူ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး) မှ ယဉ်ကျေးမေမင်္ဂလာဆိုင်းဝိုင်း၊ မြို့တော်စည်ပင်ယိမ်းအဖွဲ့၊ နိုင်ငံကျော်ရုပ်ရှင်၊ ဂီတအနုပညာရှင်များ၏ အဆိုအကအလှတို့ဖြင့် ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကာ အတာရေများ အပြန်အလှန်ပက်ဖျန်းကြသည်။

### ရေကစားမဏ္ဍပ်တက်ရောက်ဖွင့်လှစ်

အလားတူ နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးမောင်ကို၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့်အဖွဲ့သည် မန္တလေးမြို့မိမြို့ဖ ဈေးချိုသူဈေးချိုသားများ ပါဝင်သည့် ဈေးချိုသူ သင်္ကြန်ဖျော်ဖြေရေးနှင့် ရေကစားမဏ္ဍပ်ဖွင့်ပွဲသို့ တက်ရောက်ဖွင့်လှစ်ပေးကာ မြို့မ တေးဂီတအဖွဲ့နှင့်အတူ ယိမ်းအဖွဲ့၏ သင်္ကြန်အကအလှများဖြင့် ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးပြီး ဈေးချိုသူသင်္ကြန်မဏ္ဍပ်ရှေ့ ဖြတ်သန်းဂါရဝပြုနှုတ်ဆက်သည့် မြို့မငွေငန်းအလှပြယာဉ်မှ သီဆိုသူများနှင့် ယိမ်းအကအဖွဲ့တို့အား အပြန်အလှန် နှုတ်ဆက်အားပေးသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးမောင်ကိုနှင့်အဖွဲ့သည် မင်္ဂလာမန္တလေး မြန်မာ့ရိုးရာလမ်းလျှောက် အတာသင်္ကြန်ပွဲတော်ဖွင့်ပွဲသို့ တက်ရောက်ဖွင့်လှစ်ပေးပြီး ယိမ်းအကအဖွဲ့များ၏ အကအလှများနှင့် နိုင်ငံကျော်အဆိုတော်များ အနုပညာရှင်များ၏ သီဆိုဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးသည်။

အလားတူ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများက မန္တလေးမြို့သူမြို့သားများ၏ အတာသင်္ကြန်ရေကစားမဏ္ဍပ်များ၊ ဖျော်ဖြေရေးမဏ္ဍပ်များ၊ ကျုံးအရှေ့ဘက်ခြမ်း၊ စတုဒိသာမဏ္ဍပ်များနှင့် တောင်ဘက်ခြမ်းရှိ ဝန်ကြီးဌာနများနှင့် မြို့သူမြို့သားများ၏ မဟာသင်္ကြန်ရေကစားမဏ္ဍပ်များကို ဖွင့်လှစ်ပေးခဲ့ကာ ကပြသီဆိုဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြသည်။

### ပျော်ရွှင်စွာဆင်နွှဲကြသူများဖြင့် စည်ကား

မြန်မာလူမျိုးတို့၏ ၁၂ လရာသီပွဲတော်များထဲမှ မြန်မာ့ပြက္ခဒိန်၏ ပထမဦးဆုံး တန်ခူးလ၌ ကျင်းပသည့် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ရေပွဲတော်သည် နိုင်ငံတကာ နှစ်သစ်ကူးပွဲတော်များနှင့် မတူခြားနားကာ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ဖြစ်ပြီး ရေကစားမဏ္ဍပ်များ၊ ဖျော်ဖြေရေးမဏ္ဍပ်များ၊ စတုဒိသာမဏ္ဍပ်များနှင့် ရေသဘင်ပွဲတော်ကို ပျော်ရွှင်စွာဆင်နွှဲကြသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ့ရိုးရာ မဟာအတာသင်္ကြန်ပွဲတော် အင်းလေးရေပေါ်သင်္ကြန်မဏ္ဍပ်ဖွင့်ပွဲ ကျင်းပ

**ညောင်ရွှေ ဧပြီ ၁၃**

၂၀၂၃ ခုနှစ် မြန်မာ့ရိုးရာ မဟာအတာသင်္ကြန်ပွဲတော် အင်းလေးရေပေါ်သင်္ကြန်မဏ္ဍပ် ဖွင့်ပွဲကို ဧပြီ ၁၃ ရက် သင်္ကြန်အကြိုနေ့ နံနက် ၁၁ နာရီက ညောင်ရွှေမြို့နယ် အင်းပေါခုန်ကျေးရွာ ခေတ်ဆန်းယဉ် ရေပေါ်မဏ္ဍပ်၌ ကျင်းပသည်။

ဖွင့်ပွဲတွင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်သော်က ၁၃၈၄ ခုနှစ် အင်းလေးရေပေါ် သင်္ကြန်ပွဲတော်ဖွင့်ပွဲ နှုတ်ခွန်းဆက်မင်္ဂလာစကားပြောကြားရာ မြန်မာနိုင်ငံ၏ ထူးခြားသည့် အထိမ်းအမှတ်တစ်ခု ဖြစ်သော အင်းလေးဒေသတွင် မဟာသင်္ကြန်နှစ်သစ်ကူးရိုးရာပွဲကို ပြည်သူလူထုအပေါင်းနှင့်အတူ စုပေါင်းပျော်ရွှင်စွာ ဆင်နွှဲကျင်းပပွဲတွင် ပါဝင်ရသည့်အတွက် ဂုဏ်ယူပြီး ဘဝအမှတ်တရတစ်ခု ဖြစ်ပါကြောင်း ပြောကြားသည်။



ဆက်လက်၍ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက အင်းလေးဒေသ ရေပေါ်သင်္ကြန်ပွဲတော်ကို ၂၀၁၉ ခုနှစ်တွင် ပထမအကြိမ်အဖြစ် ကျင်းပနိုင်ခဲ့ပြီး ယခု ဒုတိယအကြိမ် ကျင်းပဆောင်ရွက်ခြင်း ဖြစ်ကြောင်း၊ အင်းလေးဒေသသည် ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များ လာရောက် လည်ပတ်လျက်ရှိသည့် နေရာဒေသတစ်ခုဖြစ်သည်နှင့်အညီ ဒေသ၏ အဓိက စီးပွားရေးလုပ်ငန်းသည် ခရီးသွားလုပ်ငန်းဖြစ်ကြောင်းကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ ယခုလို မြန်မာ့နှစ်သစ်ကူး မဟာသင်္ကြန်ပွဲတော်ကို အင်းလေးဒေသ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်နိုင်သည့်အတွက် ဒေသ၏ ဂုဏ်ယူဝမ်းမြောက်ဖွယ်ရာ နှစ်တစ်နှစ် ဖြစ်ပါကြောင်းနှင့် အင်းလေးဒေသ ရေပေါ်သင်္ကြန်ပွဲတော်ကြီး၏ ဖွင့်ပွဲအခါသမယတွင် ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းခြင်း၊ ဂုဏ်သိက္ခာရှိစွာ ပါဝင်ဆင်နွှဲခြင်းဖြင့် မြန်မာနှစ်သစ်ကို ပျော်ရွှင်စွာ ကြိုဆိုကြရန် ပြောကြားသည်။

ထို့နောက် အင်းလေးရေပေါ် သင်္ကြန်ဖွင့်ပွဲကို ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်သော်၊ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ အရှေ့ပိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီး၊ ရပ်မိရပ်ဖတစ်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် သင်္ကြန်မိုးသီချင်း၊ မင်္ဂလာရှိသော သင်္ကြန်တေးသီချင်းဖြင့် ယိမ်းအဖွဲ့များအားလုံးက ပါဝင်ကပြကြပြီး ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ တာဝန်ရှိသူများက အတာရေ ပက်ဖျန်းပေးကြပြီး power King Music Band အဖွဲ့ဖြင့် နိုင်ငံကျော်သရုပ်ဆောင်များ၊ ယိမ်းအကအဖွဲ့များက သီဆိုကပြ ဖျော်ဖြေကြကြောင်း သိရသည်။

**မောင်မောင်သန်း (တောင်ကြီး)**

● *ကျောဖုံးမှ*

အေစီမီလန်နှင့် နာပိုလီအသင်းတို့ပွဲစဉ်တွင် အေစီမီလန်အသင်းက ပွဲချိန် မိနစ် ၄၀ တွင် ရရှိခဲ့သော ဘင်နာဆာ၏ တစ်လုံးတည်းသော သွင်းဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ နာပိုလီအသင်းက ဂိုးကန်သွင်းမှုအသာ၊ ဘောလုံးပိုင်ဆိုင်မှုအသာဖြင့် ပွဲချိန်အများစု ဖိအားပေး ထိန်းချုပ်ကစားနိုင်ခဲ့သော်လည်း လိုအပ်သည့် နိုင်ပွဲဖော်ဆောင်နိုင်ခြင်း မရှိခဲ့ချေ။ ယခုပွဲစဉ် မတိုင်မီ ဧပြီ ၃ ရက်က ထိပ်တိုက်တွေ့ဆုံခဲ့သည့် ပွဲစဉ်တွင်လည်း အေစီမီလန်အသင်းက တိုက်စစ်ခြေစွမ်းပြကာ နာပိုလီအသင်းကို လေးဂိုးပြတ် အနိုင်ရရှိထားသည်။

ရီးရဲမက်ဒရစ်နှင့် ချယ်ဆီးအသင်းတို့ပွဲစဉ်ကို ပွဲကြည့်ပရိသတ် ၆၃၀၀၀ ကျော် လာရောက်ကြည့်ရှုခဲ့ပြီး ရီးရဲမက်ဒရစ်အသင်းက တိုက်စစ်ခြေစွမ်းပြကာ ဘင်ဇီမာ၊ အေဆန်စီယိုတို့၏ သွင်းဂိုးများနှင့်အတူ နှစ်ဂိုးပြတ် အနိုင်ရရှိခဲ့သည်။ ချယ်ဆီးအသင်းသည် ယခုပွဲစဉ်တွင် သာမန်ခြေစွမ်းအောက်ရောက်နေခဲ့ပြီး ထိရောက်သည့် ဂိုးကန်သွင်းမှု အနည်းငယ်သာ ပြုလုပ်နိုင်ခဲ့သည်။ ပွဲချိန် ၅၉ မိနစ်တွင် ချယ်ဆီးအသင်းမှ ဘင်ချီဝဲလ် တိုက်ရိုက်အနီကတ်ပြ ထုတ်ပယ်ခံခဲ့ရသည့်အတွက် လက်ကျန်ပွဲချိန်များကို တစ်ယောက်လျော့ဖြင့် ကစားခဲ့ရသည်။

နည်းပြ အန်ဆယ်လော့တီက ပွဲပြီး BT Sport သို့ ပြောကြားရာတွင် "ချယ်ဆီးအသင်းက ကစားသမားကောင်းတွေနဲ့ အသင်းကောင်းတစ်သင်းဆိုတာ မမေ့ကြောင်း၊ ချယ်ဆီးကို နှစ်ဂိုးပြတ်နဲ့ ဦးဆောင်ထားနိုင်ပေမယ့် ပြိုင်ပွဲမပြီးဆုံးသေးကြောင်းနဲ့ စတန်းဖို့ဒ်ဘရစ်မှာ ရလဒ်ကောင်းရရှိရေး ကြိုးစားဖို့ လိုအပ်ကြောင်း" ပြောသည်။

**အောင်ဇော်**

### တိမ်အသင့်အတင့်ဖြစ်ထွန်းမည်

**နေပြည်တော် ဧပြီ ၁၃**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

# နယ်စပ်ရေးရာဝန်ကြီးဌာန မဟာသင်္ကြန်အတာရေသဘင်ပွဲတော် ဖွင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဧပြီ ၁၃**

မြန်မာ့ရိုးရာ မဟာသင်္ကြန် အတာရေသဘင်ပွဲတော်တွင် နယ်စပ်ရေးရာ ဝန်ကြီးဌာန ဝန်ထမ်းမိသားစုများအနေဖြင့် ရိုးရာအစဉ်အလာမပျက် မြန်မာနှစ်သစ်တွင် စိတ်ခွန်အားသစ်များရရှိစေရန်နှင့် စိတ်အပန်းပြေ ပျော်ရွှင်စွာ ရေကစားနိုင်ရန် နယ်စပ်ရေးရာဝန်ကြီးဌာန၏ ၂၀၂၃ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန် အတာရေသဘင်ပွဲတော်ဖွင့်ပွဲ အခမ်းအနားကို ယနေ့ညနေ ၃ နာရီခွဲတွင် နေပြည်တော် ရုံးအမှတ် (၄၂) ဝန်ကြီးဌာန ရေကစားမဏ္ဍပ်၌ ကျင်းပသည်။

အခမ်းအနားသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ဇနီး၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ် ခွန်သန့်ဇော်ထူးနှင့် ဇနီး၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ် ဖြိုးသန့်နှင့် ဇနီး၊ အမြဲတမ်းအတွင်းဝန်နှင့် ဇနီး၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဇနီး၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များနှင့် ဇနီးများ၊ ညွှန်ကြားရေးမှူးများနှင့် ဇနီးများနှင့် ဝန်ထမ်းမိသားစုများ တက်ရောက်၍ ပျော်ရွှင်စွာပါဝင် ဆင်နွှဲကြသည်။

ရှေးဦးစွာ ဖွင့်ပွဲအခမ်းအနား၌ ပြည်ထောင်စုဝန်ကြီးက မြန်မာ့ ရိုးရာမဟာသင်္ကြန် နှစ်သစ်မင်္ဂလာ နှုတ်ခွန်းဆက်စကား ပြောကြား သည်။ **(အပေါ်ယာပုံ)** ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယ ဝန်ကြီးများက နယ်စပ်ရေးရာဝန်ကြီးဌာန မဟာရေသဘင်ပွဲတော်အား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး ဝန်ကြီးဌာနယိမ်းအဖွဲ့များက မြူမှောင်





ဝေကင်းသီချင်းဖြင့် ကပြဖျော်ဖြေကြ၍ ၂၀၂၃ ခုနှစ် မြန်မာ့ရိုးရာမဟာ သင်္ကြန်ပွဲတော်ကို ကြိုဆိုကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဝန်ထမ်းများ၊ ဝန်ထမ်း မိသားစုများနှင့် ယိမ်းအကအဖွဲ့များကို အမွှေးနံ့သာရည်များ ပက်ဖျန်း၍ အတူတကွ ပျော်ရွှင်စွာ ရေကစားကြပြီး ဝန်ထမ်းမိသားစုများ၏ အလှအပများဖြင့် ကပြသီဆိုဖျော်ဖြေမှုများကို ကြည့်ရှုအားပေးသည်။ ယင်းနောက် ဝန်ထမ်းမိသားစုများ၏ နိဗ္ဗာန်ဈေး (စတုဒိသာ) ကျွေးမွေး ဧည့်ခံနေမှုကို ကြည့်ရှုအားပေးကြပြီး ဝန်ထမ်းများနှင့် အတူတကွ သုံးဆောင်ကြသည်။

နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ထမ်းမိသားစုများအနေဖြင့် ယနေ့ အကြိုနေ့မှစတင်၍ ဧပြီ ၁၆ ရက် အတက်နေ့အထိ ဝန်ကြီးဌာန မဏ္ဍပ်၌ အဆို၊ အကများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ် သွားမည်ဖြစ်ပြီး အဆိုပါနေ့ရက်များတွင် ဝန်ကြီးရုံး၊ ဦးစီးဌာနများမှ စတုဒိသာများကို အမယ်စုံလင်စွာဖြင့် ကျွေးမွေးဧည့်ခံသွားမည်ဖြစ် ကြောင်း သိရသည်။

**သတင်းစဉ်**

# ရုရှား - မြန်မာချစ်ကြည်ရေးအသင်း ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မဟာသင်္ကြန်ရေသဘင်ပွဲတော် ပါဝင်ဆင်နွှဲ

ရန်ကုန် ဧပြီ ၁၃

**မြန်မာနိုင်ငံ၏ ခရီးသွားကဏ္ဍကို တိုးမြှင့်ဆောင်ရွက်နိုင်မည့် ခရီးစဉ်တစ်ခုအဖြစ် ရောက်ရှိလာသော ရုရှား- မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် ရန်ကုန်မြို့တော်မဟာသင်္ကြန်မဏ္ဍပ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး ရေသဘင်ပွဲတော်ကို ပါဝင် ဆင်နွှဲကြသည်။**



ထို့နောက် ရုရှား-မြန်မာ ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ သည် ရန်ကုန်မြို့တော်ခန်းမရှေ့ မဟာဗန္ဓုလ ပန်းခြံဘေးတွင် ပြုလုပ်သည့် လမ်းလျှောက်သင်္ကြန် ပွဲတော်တွင်လည်း ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။ **(ဝဲပုံ)**

ရုရှား-မြန်မာ ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့မှ Mrs. Nika က ''ကျွန်မတို့က ရုရှားနိုင်ငံက လာတဲ့ အဖွဲ့ဖြစ်ပါတယ်၊ ကျွန်မက အဆိုတော်ဖြစ်ပါတယ်၊ ရန်ကုန် မြို့တော်ခန်းမ မဟာသင်္ကြန် ဖွင့်ပွဲမဏ္ဍပ်မှာ ပါဝင်ရေကစားခွင့် ရတဲ့အတွက် အထူးကို ပျော်ရွှင်မိ ပါတယ်၊ မြန်မာနိုင်ငံရဲ့ နှစ်သစ်ကူး က ကျွန်မတို့ ရုရှားနိုင်ငံရဲ့ နှစ်သစ် ကူးနဲ့ ကွာခြားမှုရှိပါတယ်၊ ဒီမှာ ယိမ်းအဖွဲ့အကတွေလည်း တွေ့ရ တယ်၊ မြန်မာအကတွေကို မြင်ခွင့် ရတဲ့အတွက် ဝမ်းသာကြည်နူးမှု ဖြစ်ရတယ်၊ တစ်မူထူးခြားတာက ရေနဲ့ပက်ဖျန်းပြီး နှစ်သစ်ကို ဆင်နွှဲကြတဲ့အတွက် ကျွန်မ အတွက် လုံးဝအတိုင်းမသိပျော်ရွှင် မိပါတယ်'' ဟု ပြောသည်။

ထို့အတူ ရုရှား-မြန်မာ ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ မှ Mr. Makim က ''ကျွန်တော်က ဒီဇိုင်နာဖြစ်ပါတယ်၊ ရုရှားမှာက နှစ်ကူးရင် နှင်းတွေကျပြီး အေးခဲ နေတယ်၊ မြန်မာနိုင်ငံမှာတော့ နွေရာသီလည်းဖြစ်တယ်၊ လူတွေ က ပြုံးပျော်ပြီးတော့ နှစ်သစ်ကို ဆင်နွှဲနေတဲ့ အတွက်ကြောင့် ကျွန်တော့အနေနဲ့ ခံစားရတယ်၊ ပူပြင်းတဲ့နွေရာသီကိုလည်း ကြိုက် နှစ်သက်မိတယ်၊ ကျွန်တော့ အတွက်တော့ ပထမဦးဆုံးအကြိမ် ကြုံတွေ့ရတဲ့ အတွေ့အကြုံပါပဲ၊ လမ်းလျှောက်သင်္ကြန်ကို ပါဝင် ဆင်နွှဲခွင့်ရတာကလည်း ပျော်စရာ အလွန် ကောင်းပါတယ်'' ဟု ပြောသည်။

ဆက်လက်၍ ရုရှား-မြန်မာ ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ သည် ဒဂုံမြို့နယ်ရှိ ပြည်သူ့ရင်ပြင် နှင့် ပြည်သူ့ဥယျာဉ်အတွင်း ကျင်းပ သည့် မဟာသင်္ကြန်ရေသဘင် ပွဲတော်ကို သွားရောက်ကာ ပါဝင် ဆင်နွှဲကြပြီး ဓာတ်ပုံ၊ ဗီဒီယို မှတ်တမ်းများ ရိုက်ကူးမှတ်တမ်း တင်ကြသည်။

**နေစိုး**
**ဓာတ်ပုံ - လှမိုး**

# နေပြည်တော်သတင်းစာတိုက်ဝန်ထမ်းမိသားစု ရေကစားမဏ္ဍပ်၌ ပျော်ရွှင်စွာ ရေကစား

**နေပြည်တော် ဧပြီ ၁၃**

နေပြည်တော် ဇေယျာသီရိမြို့နယ် ခရေပင်လမ်းခွဲရှိ ပြန်ကြားရေး ဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း နေပြည်တော်သတင်းစာ တိုက်ဝင်း မိသားစုရေကစားမဏ္ဍပ်၌ ယနေ့ သင်္ကြန်အကြိုနေ့တွင် ဝန်ထမ်းများနှင့် မိသားစုများ ပျော်ရွှင်စွာရေကစားလျက်ရှိကြောင်း သိရသည်။ **(ယာပုံ)**

အဆိုပါ မိသားစုရေကစားမဏ္ဍပ်၌ မြန်မာ့အလင်း၊ ကြေးမုံသတင်း စာတိုက်များမှ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများက စတုဒိသာများ ကျွေးမွေးဧည့်ခံပြီး ရေသဘင်ပွဲပျော်ရွှင်စွာ ကျင်းပကြသည်။ ကျန်ရှိ သည့် သင်္ကြန်ရက်များတွင်လည်း အလှူရှင်များက စတုဒိသာများ ဧည့်ခံကျွေးမွေးသွားမည့်အပြင် ပျော်ရွှင်စွာရေကစားနိုင်ရန် ရေပိုက်၊



ရေပန်းများဖြင့် စနစ်တကျ ပြင်ဆင်ဆောင်ရွက်ထားရှိကြောင်း နေပြည် တော်သတင်းစာတိုက် တာဝန်ခံ ဦးစန်းထွန်းထံမှ သိရသည်။

**ဇော်ဘီ၊ ဓာတ်ပုံ - ကိုဖြိုး**

# ကျောက်ဖြူမြို့၌ မဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်ဖွင့်ပွဲကျင်းပ



**ကျောက်ဖြူ ဧပြီ ၁၃**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ အစိုးရပ်ကွက်၌ မဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်ဖွင့်ပွဲအခမ်းအနားကို ယနေ့ ညနေ ၄ နာရီက ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲလင်းမောင်နှင့် ခရိုင်အဆင့်တာဝန် ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ကျောက်ဖြူမြို့၌ မဟာသင်္ကြန်ပွဲတော်ဗဟိုမဏ္ဍပ်တွင် မဟာသင်္ကြန် ကာလအတွင်း ရခိုင်အဆိုတော် တေးသံရှင်များ၊ ယိမ်းအကအဖွဲ့များက ခေတ်ပေါ်တေးဂီတများ၊ ယိမ်းအကများဖြင့် စည်ကားသိုက်မြိုက်စွာ ကပြဖျော်ဖြေတင်ဆက်ကြမည်ဖြစ်ပြီး သင်္ကြန်ချစ်သူများနှင့် ရေကစား ကြသူများကို အဆိုပါမဏ္ဍပ်ရှေ့၌ စတုဒိသာများဖြင့် ဧည့်ခံကျွေးမွေး မည်ဖြစ်ကြောင်း သိရသည်။

**တင်ထွန်းဦး(ပြန်/ဆက်)**

# ကော့သောင်းမြို့၌ မဟာသင်္ကြန်ပွဲတော် ဗဟိုဆုပေးမဏ္ဍပ်ဖွင့်ပွဲ အခမ်းအနားကျင်းပ

**ကော့သောင်း ဧပြီ ၁၃**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့ ၁၃၈၄ ခုနှစ် မြန်မာ့ရိုးရာ ယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော် ဗဟိုဆုပေးမဏ္ဍပ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့ ဧပြီ ၁၃ ရက် ညနေ ၃ နာရီခွဲက ကော့သောင်းမြို့ သီရိမြိုင် ရပ်ကွက် ပြည်သူ့ရင်ပြင် ဗဟိုဆုပေးမဏ္ဍပ်၌ ကျင်းပရာ ကော့သောင်း ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးအောင်နှင့် ခရိုင်အဆင့်တာဝန်ရှိသူများ တက်ရောက် ဖွင့်လှစ်သည်။

အဆိုပါ ဗဟိုဆုပေးမဏ္ဍပ်၌ ဧပြီ ၁၃ ရက်နေ့မှစတင်၍ ဧပြီ ၁၆ ရက်အထိ ညစဉ်ကော့သောင်းမြို့ပေါ်ရပ်ကွက် ၁၀ ရပ်ကွက်နှင့် ကျေးရွာများမှ ယိမ်းအကအဖွဲ့ လှပျိုဖြူလေးများက မြန်မာ့ရိုးရာ ယဉ်ကျေးမှု ယိမ်းအကများဖြင့် ယှဉ်ပြိုင်ဖျော်ဖြေသွားမည်ဖြစ် ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# မြန်မာ့ရိုးရာ မဟာသင်္ကြန်အကြိုနေ့တွင် နေပြည်တော်၌ ပြည်သူများ အေးချမ်းပျော်ရွှင်စွာ အတာရေသဘင်ဆင်နွှဲ

နေပြည်တော် ဧပြီ ၁၃

**၁၃၈၄ ခုနှစ်မှ ၁၃၈၅ ခုနှစ်သို့ ကူးပြောင်းမည့် နှစ်သစ်ကူးအခါသမယတွင် မြန်မာ့ရိုးရာ ဓလေ့ထုံးစံများနှင့်အညီ အတာရေသဘင် သင်္ကြန်ပွဲတော်ကို ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ပါဝင်ဆင်နွှဲ အပန်းဖြေနိုင်ရန် နေပြည်တော်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။**



နေပြည်တော်မြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ်၌ နိုင်ငံကျော်အနုပညာရှင်များ၊ တေးသံရှင်များက တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေကြစဉ်။

ယနေ့တွင် နေပြည်တော်မြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ်၌ မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့နှင့် တွဲဖက်၍ နိုင်ငံကျော်အနုပညာရှင်များ၊ တေးသံရှင်များနှင့် ဝန်ကြီးဌာနများ၊ ခရိုင်/မြို့နယ်များမှ သင်္ကြန်ယိမ်းအကအဖွဲ့များက ပရိသတ်အကြိုက် တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေကြသည်။

**ရေကစားသူများစည်ကား**

နေပြည်တော် တစ်ခွင်တွင် မြန်မာ့ရိုးရာ မဟာသင်္ကြန်အကြိုနေ့ဖြစ်သော်လည်း ဘုရားစေတီပုထိုးများ၌ ကုသိုလ်ကောင်းမှုပြုကြသူများ၊ စတုဒိသာကျွေးမွေးလှူဒါန်းကြသူများ၊ အေးချမ်းပျော်ရွှင်စွာ ရေကစားကြသူများနှင့် အပန်းဖြေစခန်းများ၌ လာရောက်အပန်းဖြေကြသူများ၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများအတွင်း မဏ္ဍပ်ငယ်များ ဆောက်လုပ်၍ မိသားစုအလိုက် ရေပက်ကစားကြသူများဖြင့် စည်ကားလျက်ရှိသည်။

ထို့ပြင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၊ ဓာတုဇယ ဓာတ်ပေါင်းစုစေတီတော်၊ လေ့ခွင်းတောင်ဘုရား၊ အခြားတန်ခိုးကြီးဘုရားများနှင့် ဘုန်းတော်ကြီးကျောင်းများတွင် တရားဘာဝနာပွားများအားထုတ်ကြသူများ၊ ဥပုသ်သီလ ဆောက်တည်ကြသူများ၊ တရားစခန်းများတွင် တရားဘာဝနာ ရှုမှတ်ပွားများကြသူများ၊ ရေသပ္ပာယ်ကြသူများဖြင့် စည်ကားခဲ့ကြောင်း တွေ့ရသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မဟာသင်္ကြန်ရေကစားမဏ္ဍပ်တွင်လည်း နိုင်ငံကျော် အနုပညာရှင်များ၊ တေးသံရှင်များက တေးသီချင်းများဖြင့် လာရောက် ဖျော်ဖြေခဲ့ကြသည့်အပြင် သင်္ကြန်ယိမ်းအဖွဲ့များကလည်း ညီညာလှပသည့် ယိမ်းအက အလှများဖြင့် ပါဝင်ဖြည့်စွက်ဖျော်ဖြေခဲ့ကြသည့်အတွက် ရေပက်ခံကားများနှင့် ရေကစားကြသည့်ပြည်သူများဖြင့် စည်ကားခဲ့သည်။

ထို့အတူ နေပြည်တော်ရေပန်းဥယျာဉ်အတွင်းရှိ လမ်းလျှောက်သင်္ကြန်ပွဲတော်တွင်လည်း သင်္ကြန်ချစ်သူများ၊ လာရောက်ရေပက်ခံသူများ၊ ရေကစားကြသူများဖြင့် စည်ကားခဲ့ပြီး နေပြည်တော်ကောင်စီနယ်မြေအတွင်း အထင်ကရနေရာများဖြစ်သော ဇေယျာသီရိမြို့နယ် ကျည်တောင်ကျေးရွာအုပ်စုအတွင်းရှိ လေ့ခွင်းတောင်ကမ်းခြေအပန်းဖြေစခန်း၊ ကျည်တောင်ရေဆိပ်၊ ပျဉ်းမနားမြို့နယ်ရှိ အဝေရာကမ်းခြေအပန်းဖြေစခန်း၊ ရေပန်းဥယျာဉ်၊ တိရစ္ဆာန်ဥယျာဉ်၊ ဆာဖာရီဥယျာဉ်နှင့် မင်္ဂလာကန်တော်တို့တွင်လည်း လာရောက်အပန်းဖြေ အနားယူကြသူများဖြင့် စည်ကားလျက်ရှိသည်။

**လုံခြုံရေးဆောင်ရွက်ပေး**

မဟာသင်္ကြန်ကာလအတွင်း ပြည်သူများ အေးချမ်းပျော်ရွှင်ဘေးအန္တရာယ် ကင်းရှင်းစွာ ရေကစားနိုင်ကြစေရန်နှင့် အပန်းဖြေကမ်းခြေစခန်းများ၌ ပြည်သူများ စိတ်အေးချမ်းပျော်ရွှင်စွာ အနားယူ အပန်းဖြေနိုင်စေရန် မြန်မာနိုင်ငံရဲတပ်ဖွဲ့က ပြည်သူများ၏ လုံခြုံရေးအတွက် တာဝန်ယူ ဆောင်ရွက်ပေးလျက်ရှိပြီး ယာဉ်ထိန်းရဲတပ်ဖွဲ့များကလည်း ယာဉ်ကြောပိတ်ဆို့မှု မရှိစေရေးအတွက် ယာဉ်ကြောရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက် ပေးလျက်ရှိသည့်အပြင် အပန်းဖြေအနားယူ နေကြစဉ်အတွင်း အန္တရာယ် မရှိစေရေးအတွက် သတိပေး နှိုးဆော်ခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိသည်။

မြန်မာ့ရိုးရာ ယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်သည် မြန်မာသက္ကရာဇ် နှစ်တစ်နှစ် ကုန်ဆုံးပြီး နှစ်သစ်၏ အေးချမ်းမှုကို ရရှိစေရန်၊ နှစ်ဟောင်းမှအညစ်အကြေးများ ကင်းစင်လွင့်ပျောက်စေပြီး နှစ်သစ်သို့ မပါလာစေရန် ရည်ရွယ်၍ ရေစင်သွန်းလောင်းကြခြင်းဖြစ်သည်နှင့်အညီ နှစ်ဟောင်းမှ အညစ်အကြေးများကို သင်္ကြန်အတာရေဖြင့် တစ်ဦးကို တစ်ဦး ကြည်နူးသိမ်မွေ့စွာ ပက်ဖျန်းဆေးကြော ပျော်ရွှင်စွာ ရေကစားကြသည့် ရိုးရာယဉ်ကျေးမှုပွဲတော် တစ်ခုလည်း ဖြစ်သည်။

လုလင်ငယ်
ဓာတ်ပုံ – ကိုကြီးကျော်

# မဟာသင်္ကြန်(အကြိုနေ့)တွင် မန္တလေးမြို့ရှိ ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ရေသဘင်ပွဲတော်နွှဲပျော်

**မန္တလေး ဧပြီ ၁၃**

ယနေ့ကျရောက်သည့် မြန်မာ့ရိုးရာ မဟာသင်္ကြန် (အကြိုနေ့) တွင် မန္တလေးမြို့အတွင်းရှိ ဘုရားစေတီပုထိုးများတွင် ဘုရားဖူးလာပြည်သူများ၊ ရေကစားမဏ္ဍပ်များတွင် ပျော်ရွှင်စွာ ရေကစားကြသူများ၊ ရေပက်ခံထွက်ကြသူများနှင့် စတုဒိသာ ကျွေးမွေးသူများဖြင့် သင်္ကြန်ပွဲတော်ကို ပျော်ရွှင်စွာ ဆင်နွှဲကြသည်။

နံနက်ပိုင်းမှစတင်၍ မဟာမုနိရုပ်ပွားတော်မြတ်ကြီး၊ အောင်တော်မူမြတ်စွာဘုရား၊ ရွှေကျီးမြင်ဘုရား၊ ဘုရားနီဘုရား၊ မန္တလေးတောင်၊ ကုသိုလ်တော်၊ စန္ဒာမုနိဘုရား၊ ကျောက်တော်ကြီးဘုရား စသည့်ဘုရားတို့၌ ဘုရားဖူးလာပြည်သူများက တရားဘာဝနာအားထုတ်ခြင်း၊ ဥပုသ်သီလဆောက်တည်ခြင်းနှင့် စတုဒိသာကျွေးမွေးလှူဒါန်းခြင်း စသည့်ကုသိုလ်ကောင်းမှုတို့ဖြင့် သင်္ကြန်အကြိုနေ့ကို ကြိုဆိုကြသည်။

**ပျော်ရွှင်စွာပါဝင်ဆင်နွှဲ**

ထို့ပြင် မန္တလေးကျုံးတောင်ဘက်နှင့် အရှေ့ဘက်ခြမ်းတို့ရှိ ဝန်ကြီးဌာနအလိုက် သင်္ကြန်မဏ္ဍပ်များ၊ ပုဂ္ဂလိကသင်္ကြန်မဏ္ဍပ်များကို နံနက်ပိုင်းတွင် တိုင်းဒေသကြီး ဝန်ကြီးများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တေးသံရှင်များနှင့် အနုပညာရှင်များက အတာသင်္ကြန် တေးသီချင်းများဖြင့်လည်းကောင်း၊ ဝန်ကြီးဌာနများနှင့် ယိမ်းအကအဖွဲ့များက ယိမ်းအကအလှများဖြင့် လည်းကောင်း ကပြဖျော်ဖြေကြရာ သင်္ကြန်ချစ်သူ ပြည်သူများ ပျော်ရွှင်စွာဖြင့် ပါဝင်ဆင်နွှဲကြသည်။



မဟာသင်္ကြန်အကြိုနေ့တွင် မန္တလေးမြို့၌ ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ရေကစားနေကြစဉ်။

ယခုနှစ် မြန်မာ့ရိုးရာ အတာသင်္ကြန် ပွဲတော်ကာလအတွင်း မန္တလေးမြို့ရှိ ပြည်သူများ ပိုမိုပျော်ရွှင်စွာ သင်္ကြန်ပွဲတော်ကို ဆင်နွှဲနိုင်ရေးအတွက် ချမ်းမြသာစည်မြို့နယ်ရှိ မင်္ဂလာမန္တလေးမြန်မာ့ရိုးရာ လမ်းလျှောက်အတာသင်္ကြန်နှင့် ကျုံးတောင်ဘက်ခြမ်းရှိ (၂၆ လမ်း၊ ၆၆ လမ်းမှ ၇၈ လမ်းအထိ) လမ်းလျှောက်သင်္ကြန်တို့၌လည်း နိုင်ငံကျော်အဆိုတော်များနှင့် အနုပညာရှင်များ၏ ဖျော်ဖြေမှုများ၊ စတုဒိသာမဏ္ဍပ်များ၊ ရေကစားမဏ္ဍပ်များနှင့် အပန်းဖြေအနားယူနိုင်မည့် အစီအစဉ်ကောင်းများ ထည့်သွင်း၍ ကျင်းပလျက်ရှိရာ ပြည်သူများ စိတ်ပျော်ရွှင်ချမ်းမြေ့စွာဖြင့် ဆင်နွှဲကြသည်။



မဟာသင်္ကြန်အကြိုနေ့တွင် မန္တလေးမြို့၌ ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ရေကစားနေကြစဉ်။

အလားတူ သင်္ကြန်ချစ်သူ မိသားစုများ၊ သူငယ်ချင်း၊ မိတ်ဆွေများ စုပေါင်း၍ သင်္ကြန်ရေပက်ခံကားများ၊ ဆိုင်ကယ်များကို တပျော်တပါး ရေပက်ဖျန်းခြင်း၊ မြို့နယ်၊ ရပ်ကွက်များအလိုက် လူငယ်များ၊ ကလေးငယ်များ အေးချမ်းပျော်ရွှင်စွာ ရေပက်ကစားခြင်းနှင့် တစ်နိုင်တစ်ပိုင် စုပေါင်း၍ စတုဒိသာကျွေးမွေးလှူဒါန်းကြသည့် မြင်ကွင်းများသည်လည်း မြန်မာ့ရိုးရာအတာသင်္ကြန်၏ အလှကို ပိုမိုပေါ်လွင်စေခဲ့သည်။

မန္တလေးဈေးချိုတော်နာရီစင် အနီးတွင်လည်း မန္တလေးမြို့ ဂုဏ်ဆောင် မြို့မတူရိယာအသင်းနှင့်တွဲဖက်၍ ဈေးချိုသူ ရေကစားမဏ္ဍပ်ကို ဖွင့်လှစ်ထားပြီး သင်္ကြန်၏အနှစ် သာရကို ပေါ်လွင်စေမည့် သင်္ကြန်သီချင်းများဖြင့် သီဆိုဖျော်ဖြေကြသည့်အပြင် မန္တလေးမြို့ရှိ အထင်ကရနေရာများသို့လည်း အနယ်နယ်အရပ်ရပ်မှ ပြည်သူများက လာရောက်အပန်းဖြေအနားယူလျက်ရှိကြသည်။

ထိုသို့ မဟာသင်္ကြန်ကာလအတွင်း ပြည်သူများ စိတ်လက်ချမ်းသာ အေးချမ်းပျော်ရွှင်စွာ အနားယူ အပန်းဖြေနိုင်စေရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများက ပူးပေါင်းအဖွဲ့များဖွဲ့စည်း၍ လိုအပ်သည်များ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မောင်အေးချမ်း**
**ဓာတ်ပုံ – AI(Mdy)**

# မြန်မာ့ရိုးရာနှစ်သစ်ကူး အတာသင်္ကြန်အကြိုနေ့ မြင်ကွင်းပုံရိပ်များ

မြန်မာ့ရိုးရာနှစ်သစ်ကူး သင်္ကြန်အကြိုနေ့ ဧပြီ ၁၃ ရက်တွင် မြို့နယ်အသီးသီး၌ သင်္ကြန်ရေကစားမဏ္ဍပ်နှင့် ဖျော်ဖြေရေးမဏ္ဍပ်ဖွင့်ပွဲများကို ကျင်းပကြပြီး အဆိုပါ မဏ္ဍပ်များအပါအဝင် လမ်းလျှောက်သင်္ကြန်နေရာများ၌ ပြည်သူများ ပျော်ရွှင်စွာ ရေကစားနေကြပုံများ၊ စတုဒိသာကျွေးမွေးလှူဒါန်းမှုများကို စုစည်းဖော်ပြလိုက်ပါသည်။

စာတည်းအဖွဲ့



မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ အတာရေသဘင်ပွဲဆင်နွှဲနေကြသူ ပြည်သူများ။ မြို့နယ်(ပြန်/ဆက်)



ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ဗဟိုမဏ္ဍပ်၌ ရေကစားနေသူများ။ နေမျိုးလွင်(ပြန်/ဆက်)



ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ရေကစားမဏ္ဍပ်၌ ပျော်ရွှင်စွာ ရေပက်ကစားနေသူများ။ စောဒိ(ပြန်/ဆက်)



မွန်ပြည်နယ် ကျိုက်ထိုမြို့ ပြည်သူ့ဈေးရှေ့ စတုဒိသာမဏ္ဍပ်၌ ကျွေးမွေးလှူဒါန်းမှုများ။ မြို့နယ်(ပြန်/ဆက်)



မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ဗဟိုမဏ္ဍပ်၌ ကလေးငယ်များ၏ ဖျော်ဖြေတင်ဆက်မှု။ ဒီပါလင်း



ရှမ်းပြည်နယ် မိုင်းယောင်းမြို့ ဗဟိုမဏ္ဍပ်၌ ရေကစားနေသူများနှင့် ရေပက်ခံနေသူများ။ စိုင်းအောင်ဇော်လင်း



ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်၌ မြန်မာ့ရိုးရာအတာသင်္ကြန်ဖွင့်ပွဲကို အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးရှေ့ ဗဟိုမဏ္ဍပ်၌ ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးဝင်းနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။ ဝင်းကြိုင်(ပြန်/ဆက်)



ကချင်ပြည်နယ် ချီဖွေမြို့နယ်၌ မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ဗဟိုမဏ္ဍပ် ဖွင့်ပွဲကျင်းပစဉ်။ မြို့နယ် (ပြန်/ဆက်)



မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့၌ မဟာသင်္ကြန်ရေသဘင်ပွဲတော် ဖွင့်ပွဲကို ရန်ကုန်-မန္တလေး ကားလမ်းဒေါ်သိုက်ကြီးကွေ့ ဗဟိုမဏ္ဍပ်၌ ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်မျိုးသိန်းနှင့် တာဝန်ရှိသူများ ဖဲကြိုးဖြတ် ဖွင့်လှစ်စဉ်။ သက်မောင်(ကျောက်ဆည်)



ရှမ်းပြည်နယ် မူဆယ်မြို့ ပန်းဆေးလုံထန်မဏ္ဍပ်(ဗဟိုမဏ္ဍပ်)၌ မဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲအခမ်းအနား စည်ကားစွာ ကျင်းပစဉ်။ ချယ်ရီမြေ

◆ *ကျောဖုံးမှ*

ရန်ကုန်မြို့တော်မဟာသင်္ကြန်မဏ္ဍပ် ဖွင့်ပွဲအခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဝင်းတင့်၊ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေး ဝန်ကြီး မြို့တော်ဝန် ဦးဗိုလ်ဌေး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ဒုတိယမြို့တော်ဝန်၊ အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ ဌာနများမှ ဝန်ထမ်းများနှင့် မိသားစုဝင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် မိသားစုဝင်များ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံဂီတအစည်းအရုံး၊ မြန်မာနိုင်ငံသဘင်အစည်းအရုံးတို့မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။



ဦးစွာ အလင်္ကာကျော်စွာ ဦးအောင်တင်ဝင်းက နှစ်သစ်မင်္ဂလာသြဘာစာကို ဖတ်ကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက နှစ်သစ်ကူး နှုတ်ခွန်းဆက်စကား ပြောကြားသည်။ **(အပေါ်ပုံ)**

ယင်းနောက် ၁၃၈၄ ခုနှစ် ရန်ကုန်မြို့တော် မဟာသင်္ကြန် ရေသဘင်ပွဲတော်ကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်းနှင့် ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဌေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကြသည်။

ဆက်လက်၍ တေးသံရှင် သန်းမြတ်စိုး၏ "မြူမှောင်ဝေကင်း" သီချင်းနှင့် တေးသံရှင် စိုးညီညီ၏ "နွေရတုပွဲတော်" သီချင်းတို့ဖြင့် ယိမ်းအဖွဲ့များက ယိမ်းအကများဖြင့် ဖျော်ဖြေကြသည်။

ထို့နောက် နံနက် ၈ နာရီတွင် ပြည်သူ့ရင်ပြင် လမ်းလျှောက်သင်္ကြန်ပွဲတော်နှင့် Royal-Apex မဏ္ဍပ်ဖွင့်ပွဲကို ကျင်းပရာ မြန်မာအလှသက်သေ တေးသီချင်းဖြင့် စုပေါင်းယိမ်းအဖွဲ့မှ ကပြဖျော်ဖြေကြရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း၊ ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဌေးနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မိသားစုဝင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ လမ်းလျှောက်သင်္ကြန်ကို ဆင်နွှဲကြသည့် ပြည်သူများက ကြည့်ရှုအားပေးကြသည်။

ယခုနှစ် ရန်ကုန်မြို့တော်မဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲနှင့် လမ်းလျှောက် သင်္ကြန်ပွဲတော်ကို အထူးစည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်ခဲ့ပြီး မြန်မာ့ရိုးရာယဉ်ကျေးမှု နှစ်သစ်ကူးသင်္ကြန်ပွဲအကြိုနေ့၌ ရန်ကုန်မြို့ရှိ ကန်တော်ကြီး ကန်ပတ်လမ်း၊ အင်းလျားကန်၊ စိမ်းလန်းစိုပြည်ဥယျာဉ်နှင့် ခရိုင်၊ မြို့နယ်တို့ရှိ ရေကစားမဏ္ဍပ်အသီးသီးတို့၌ အတာရေသဘင်ပွဲတော်ကို ရန်ကုန်မြို့နေပြည်သူများ စည်ကားသိုက်မြိုက်စွာ ဆင်နွှဲကြကြောင်း သိရသည်။

**ညီမ်းသူ**

**ဓာတ်ပုံ - လှမိုး၊ ဇော်မင်းလတ်**

# သင်္ကြန်အကြိုနေ့တွင် နေပြည်တော်လမ်းလျှောက်သင်္ကြန်၌ လာရောက်လည်ပတ်ကြသူများဖြင့် စည်ကား

နေပြည်တော် ဧပြီ ၁၃

**၂၀၂၃ ခုနှစ် မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော်ကာလအတွင်း ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် ပြည်သူများ ချစ်ကြည်ရင်းနှီးစွာဖြင့် ပျော်ရွှင်မှုရရှိစေရန်နှင့် သင်္ကြန်ကာလကို ပိုမိုပျော်ရွှင်စွာ ဆင်နွှဲနိုင်စေရန် ရည်ရွယ်၍ ယခုနှစ်တွင် နေပြည်တော် လမ်းလျှောက်သင်္ကြန်ကို စည်ကားသိုက်မြိုက်စွာ ထည့်သွင်းကျင်းပပေးလျက်ရှိသည်။**

အဆိုပါ လမ်းလျှောက်သင်္ကြန်ကို ပျဉ်းမနား-တောင်ညိုလမ်းပေါ်ရှိ နေပြည်တော်မြို့တော်ဝန်မဏ္ဍပ်အနီးမှ စည်ပင်ဧည့်ရိပ်သာ လမ်းဆုံအထိ ဇုန်လေးဇုန် သတ်မှတ်ပြီး သနပ်ခါးသင်္ကြန်ဇုန်၊ တိုင်းရင်းသားသင်္ကြန်ဇုန်၊ မြန်မာမှုမပျောက်ပျက်စေရန်နှင့် နိုင်ငံတကာအဆင့်မီ အလှပြဖျော်ဖြေရေးအစီအစဉ်များဇုန်နှင့် လူငယ်နှင့် ကလေးငယ်များအတွက် လူငယ်ဂိမ်းသင်္ကြန်အစီအစဉ်ဇုန်များ ခွဲခြား၍ စိတ်ဝင်စားပျော်ရွှင်ဖွယ် ကျင်းပပေးလျက်ရှိသည့်အတွက် ယနေ့တွင် သင်္ကြန်ကို ချစ်မြတ်နိုးကြသည့် ပြည်သူများနှင့်အတူ ကလေးငယ်များ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသဖြင့် အထူးစည်ကားခဲ့သည်။

ထို့ပြင် နေပြည်တော် လမ်းလျှောက်သင်္ကြန်အတွင်းရှိ မဏ္ဍပ်များ၌ နိုင်ငံကျော်အနုပညာရှင်များနှင့် တေးသံရှင်များက DJ, Music Band များနှင့် တွဲဖက်၍ ပရိသတ်အကြိုက် တေးသီချင်းများဖြင့် မြိုင်ဆိုင်စွာ သီဆိုဖျော်ဖြေခဲ့ကြသည့်အပြင် သနပ်ခါးသင်္ကြန်ဇုန်တွင် သနပ်ခါးများလိမ်းခြယ်ပြီး အတာသင်္ကြန်ကို ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲ၍ ရအောင်စီစဉ်ဆောင်ရွက်ပေးထားခြင်း၊ တိုင်းရင်းသားသင်္ကြန်ဇုန်တွင် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုများကို ပြသထားပြီး တိုင်းရင်းသားညီအစ်ကို မောင်နှမများနှင့်အတူ ရေပက်ကစားနိုင်ရန် စီစဉ်ဆောင်ရွက်ထားခြင်း၊ ဖျော်ဖြေရေးဇုန်တွင် နိုင်ငံတကာအဆင့်မီ ဖျော်ဖြေတင်ဆက်မှုများနှင့် အလှပြဖျော်ဖြေရေးအစီအစဉ်များ ထည့်သွင်း စီစဉ်ဆောင်ရွက်ထားခြင်း၊ လူငယ်များနှင့် ကလေးများအတွက် အဓိကထားသည့် လူငယ်ဂိမ်းသင်္ကြန်ဇုန်တွင် Colour Party, Foam Party ဂိမ်းအစီအစဉ်များစွာကို ပျော်ပျော်ရွှင်ရွှင် ပါဝင်ဆင်နွှဲနိုင်အောင် စီစဉ်ဆောင်ရွက်ထားခြင်း၊ လူကြီးများ ပါဝင်ဆော့ကစားနိုင်သည့် ရေလွှာလျှောစီးနှင့် ကလေးငယ်များအတွက် ပျော့အိကစားကွင်းများ ထည့်သွင်း တည်ဆောက်ထားခြင်းတို့ကြောင့် ပြည်သူများနှင့် ကလေးငယ်များပါ ပျော်ရွှင်အေးချမ်းစွာ ပါဝင်ဆင်နွှဲခဲ့ကြသည်။






နေပြည်တော်လမ်းလျှောက်သင်္ကြန်၌ လာရောက်လည်ပတ်ကြသူများဖြင့် စည်ကားလျက်ရှိစဉ်။

နေပြည်တော်လမ်းလျှောက် သင်္ကြန်တွင် တိုင်းရင်းသားသင်္ကြန်ဇုန်ကို တိုင်းရင်းသားသွေးချင်းညီအစ်ကိုများ ပါဝင်ဆင်နွှဲနိုင်ရန် ထည့်သွင်းကျင်းပပေးသည့်အတွက် သင်္ကြန်ကို အခြေခံပြီး တိုင်းရင်းသားသွေးချင်းညီအစ်ကိုများအားလုံး စည်းလုံးညီညွတ်သည့်ပြည်ထောင်စုကြီးဖြစ်စေရန်၊ ပြည်ထောင်စုဖွား တိုင်းရင်းသားများအချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် နားလည်မှုရရှိရန် များစွာ အထောက်အကူဖြစ်စေခဲ့ကြောင်း နာဂတိုင်းရင်းသား တစ်ဦးက ပြောသည်။

လမ်းလျှောက် သင်္ကြန်တွင် ဝန်ကြီးဌာနများအလိုက် ဖျော်ဖြေရေးမဏ္ဍပ်များ၊ ယိမ်းအဖွဲ့များ၏ ကပြဖျော်တင်ဆက်မှုများနှင့် နိုင်ငံကျော် အနုပညာရှင်များ၏ ဖျော်ဖြေတင်ဆက်မှုများကိုလည်း ကြည့်ရှုခံစားခွင့်ရရှိမည့် အပြင် ထူးခြားဆန်းသစ်စွာ တင်ဆက်ထားသည့် ခေတ်လေးခေတ် သင်္ကြန်ပွဲတော် ဆင်နွှဲခဲ့မှုများကို အလှပြယာဉ်များဖြင့် သရုပ်ဖော်ပြသမှု အစီအစဉ်များကိုလည်း ထည့်သွင်းထားသည့်အတွက် လာရောက်လည်ပတ်သည့် ပြည်သူများ အထူးသဘောကျ နှစ်ခြိုက်ခဲ့ကြသည်။

ထို့ပြင် နေပြည်တော်ရှိ အများပြည်သူများ အနားယူအပန်းဖြေနိုင်သည့် နေပြည်တော် ရေပန်းဥယျာဉ်၊ နေပြည်တော်တိရစ္ဆာန်ဥယျာဉ်၊ ဆာဖာရီဥယျာဉ်နှင့် အမျိုးသားအထိမ်းအမှတ်ဥယျာဉ်စသည့် နေရာများကို လှည့်လည်ကြည့်ရှု အနားယူအပန်းဖြေရေကစားနိုင်ရန်အပြင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၊ သံဝေဇနိယလေးဌာန၊ မဟာသကျရံသီရုပ်ရှင်တော်မြတ်ကြီး၊ ဓာတုဇယ ဓာတ်ပေါင်းစုစေတီတော်၊ ရန်အောင်မြင် ရွှေလက်လှ စေတီတော်စသည့် တန်ခိုးကြီးဘုရားများကိုလည်း သွားရောက်ဖူးမြော်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဝေါမြို့၌ မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်ဖွင့်ပွဲ အခမ်းအနားကျင်းပ

**ဝေါ ဧပြီ ၁၃**

မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ်မှ ၁၃၈၅ သို့ ကူးပြောင်းသည့် မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်ဖွင့်ပွဲအခမ်းအနားကို ယနေ့ ညနေပိုင်းက ဝေါမြို့ ချမ်းမြသာရပ်ကွက် ရန်ကုန်-မော်လမြိုင်ကားလမ်းဘေး မြို့မခန်းမရှေ့၌ ကျင်းပသည်။

ပွဲအခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသီဟထွန်းက နှစ်သစ်ကူး နှုတ်ခွန်းဆက်စကား ပြောကြားသည်။ ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များဖြစ်သည့် ဗိုလ်မှူးရွှေသွေး၊ ဦးကြည်ဝင်း၊ ဦးဝင်းဇော်ဦး၊ အတွင်းရေးမှူး ရဲမှူး ကျော်စိုး၊ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးအေးလွင်နှင့် မြို့မိ/မြို့ဖ ဦးမြင့်ဝင်းတို့က ဝေါမြို့ ဗဟိုမဏ္ဍပ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ တက်ရောက်လာသော မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ပြည်သူများက ယိမ်းအကအဖွဲ့များအား အတာသင်္ကြန်ရေဖြင့် ပက်ဖျန်းပေးခဲ့ကြသည်။



**စိုးမိုး(ပြန်/ဆက်)**

# ပျောက်ဆုံးနေသော ဂျပန်မြေပြင်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့၏ ရဟတ်ယာဉ်ကို ဆက်လက်ရှာဖွေ

တိုကျို ဧပြီ ၁၃

**ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့နှင့် ကမ်းခြေစောင့်တပ်ဖွဲ့တို့သည် လွန်ခဲ့သော သီတင်းပတ်က ဂျပန်နိုင်ငံ အနောက်တောင်ပိုင်း၌ လူ ၁၀ ဦးနှင့်အတူ ပျောက်ဆုံးခဲ့သော မြေပြင်ကိုယ်ပိုင် ကာကွယ်ရေးတပ်ဖွဲ့၏ ရဟတ်ယာဉ်တစ်စင်းကို ဆက်လက်ရှာဖွေခဲ့ကြသည်။**



ပျောက်ဆုံးနေသော ရဟတ်ယာဉ်ကို ရှာဖွေလျက်ရှိသည့် ကယ်ဆယ်ရှာဖွေရေးသင်္ဘောများကို တွေ့ရစဉ်။

အဆိုပါရဟတ်ယာဉ်သည် လွန်ခဲ့သော ကြာသပတေးနေ့က ဂျပန်နိုင်ငံ အိုကီနာဝါခရိုင်၊ မိယာကိုဂျီမာကျွန်းမှ ပျံတက်ပြီးမကြာမီ ရေဒါမှ ပျောက်ကွယ်သွားခဲ့သည်။

ရဟတ်ယာဉ်ပေါ်ပါ လူ ၁၀ ဦးလည်း ပျောက်ဆုံးလျက်ရှိသည်။ ရဟတ်ယာဉ်ပျက်ကျနိုင်ဖွယ်ရှိသည့် နေရာ၏ ပင်လယ်ကြမ်းပြင်အောက်အထိ ရှာဖွေကယ်ဆယ်မှုများကို ဦးစားပေးလုပ်ဆောင်ခဲ့သည်။ ဂျပန်ပင်လယ်ရေကြောင်း ကိုယ်ပိုင်ကာကွယ်ရေး တပ်ဖွဲ့၏ မိုင်းရှင်းသင်္ဘောနှစ်စင်းနှင့် ရေငုပ်ကယ်ဆယ်ရေးသင်္ဘောတစ်စင်းတို့သည် ရဟတ်ယာဉ်ပျက်ကျပျောက်ဆုံးနိုင်ခြေရှိသည့် နေရာတစ်ဝိုက်တွင် ရှာဖွေကယ်ဆယ်မှုများကို ဧပြီ ၁၃ ရက် နံနက်ပိုင်းက လုပ်ဆောင်ခဲ့သည်။

ကမ်းခြေစောင့်တပ်ဖွဲ့ကလည်း ကယ်ဆယ်ရှာဖွေမှုများ ဆက်လက်လုပ်ဆောင်ရန် ကင်းလှည့်ရေယာဉ်အကြီးတစ်စင်းကို အဆိုပါနေရာသို့ စေလွှတ်ခဲ့သည်။

အင်န်အိတ်ချ်ကေ

## ထိုင်းပြည်သူများ ရိုးရာနှစ်သစ်ကူးအားလပ်ရက် "ဆောင်ခရန်" ပွဲတော်ကို ပျော်ရွှင်စွာဆင်နွှဲ

ဘန်ကောက် ဧပြီ ၁၃

ထိုင်းနိုင်ငံတစ်ဝန်း ပြည်သူများသည် ရိုးရာနှစ်သစ်ကူးအားလပ်ရက်ကို ရေများပက်ဖျန်းပြီး ဆင်နွှဲကြသည်။ အဆိုပါပွဲတော်ကို နှစ်ပေါင်း လေးနှစ်ကြာပြီးနောက် ပထမဆုံးအကြိမ် ယခုကဲ့သို့ ခမ်းနားသိုက်မြိုက်စွာ ကျင်းပခဲ့ကြသည်။

"ဆောင်ခရန်" ဟုခေါ်သည့် နှစ်သစ်ကူး အားလပ်ရက်သည် ဧပြီ ၁၃ ရက်က စတင်ခဲ့သည်။ ဆောင်ခရန်ပွဲတော်ကို ရေကစားခြင်းနှင့်အတူ ဆင်နွှဲခဲ့ကြသည်။

ပြင်းထန်သော အပူချိန်ကို မေ့ထားပြီး အညစ်အကြေးများကို ဆေးကြောသန့်စင်သည့် ထုံးတမ်းဓလေ့တစ်ခု၏ အစိတ်အပိုင်းတစ်ခုအဖြစ် ထိုင်းပြည်သူများသည် လမ်းမများပေါ်ထွက်ပြီး



ဆောင်ခရန်ပွဲတော်တွင် ပျော်ရွှင်စွာ ရေပက်ဖျန်းကစားနေသော ထိုင်းပြည်သူများကို တွေ့ရစဉ်။

တစ်ဦးနှင့်တစ်ဦး ရေပက်ဖျန်းကြသည်။

မြို့တော် ဘန်ကောက်ရှိ အပူချိန်သည် မကြာသေးမီရက်များအတွင်းက ၃၅ ဒီဂရီ ဆဲလ်စီး ယပ်စ်အထိ ရှိခဲ့သည်။

အဆိုပါ ပွဲလမ်းသဘင်ကို ဧပြီ ၁၅ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ ထိုင်းပြည်သူများသည် မိသားစုများ ပျော်ရွှင်စွာ အတူတကွ တွေ့ဆုံနှုတ်ဆက်ကြလျက် ဘုရားကျောင်းများသို့ သွားကာ နှစ်သစ်ကို ကြိုဆိုလျက် ရှိကြသည်။

အင်န်အိတ်ချ်ကေ

## ဆီးရီးယားနှင့် ဆော်ဒီအာရေဗျတို့ ကောင်စစ်ဝန်ရုံးနှင့် လေကြောင်းပြေးဆွဲမှုများ ပြန်လည်စတင်ရန် သဘောတူ

ဒမတ်စကတ် ဧပြီ ၁၃

ဆီးရီးယားနှင့် ဆော်ဒီအာရေဗျနိုင်ငံတို့သည် ကောင်စစ်ဝန် ဝန်ဆောင်မှုလုပ်ငန်းများနှင့် လေကြောင်းပြေးဆွဲမှုများ ပြန်လည်စတင်ရန်အတွက် ဧပြီ ၁၃ ရက်က သဘောတူညီမှုရရှိခဲ့သည်ဟု သိရသည်။ နှစ်နိုင်ငံ ဆက်ဆံရေးမှာ သောင်မတင်ရေမကျ အခြေအနေနှင့် နှစ်ပေါင်းများစွာ ရှိနေခဲ့ပြီးနောက် နှစ်နိုင်ငံဆက်ဆံရေး ပြန်လည်ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ဆော်ဒီအာရေဗျနိုင်ငံသို့ နှစ်ရက်ကြာအလည်အပတ်ခရီးရောက်ရှိနေသည့် ဆီးရီးယားနိုင်ငံခြားရေးဝန်ကြီး ဖိုင်ဇယ်မီဒက်၏ ခရီးစဉ်အပြီးတွင် ယခုလိုကြေညာချက် ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

၂၀၁၁ ခုနှစ် ဆီးရီးယားပြည်တွင်းစစ် စတင်သည့်အချိန်မှစတင်ကာ ဆီးရီးယားနိုင်ငံခြားရေးဝန်ကြီး၏ ပထမဆုံးဆော်ဒီခရီးစဉ်လည်း ဖြစ်သည်။ နှစ်နိုင်ငံကြား လေကြောင်းပြေးဆွဲမှုများနှင့် ကောင်စစ်ဝန် ဝန်ဆောင်မှုလုပ်ငန်းများ ပြန်လည်စတင်ရန် နှစ်ဖက်စလုံးမှ သဘောတူပြီးဖြစ်ကြောင်း ကြေညာချက်ထုတ်ပြန်ခဲ့သည်။ ထို့ပြင် အကြမ်းဖက်မှု တိုက်ဖျက်ရေးနှင့် လုံခြုံရေးတိုးမြှင့်သွားရန်လည်း နှစ်ဖက်စလုံးမှ အလေးထားဆွေးနွေးခဲ့ကြောင်း ဆီးရီးယားနိုင်ငံခြားရေးဝန်ကြီးဌာန ထုတ်ပြန်ချက်အရ သိရသည်။ ဆီးရီးယားရှိ နိုင်ငံရေးပြဿနာများ ဖြေရှင်းနိုင်ရေးအတွက်လည်း နှစ်ဖက်စလုံးမှ ဆွေးနွေးခဲ့ကြသည်။

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခက်အခဲများကို ဖြေရှင်းရန်နှင့် ဆီးရီးယားနိုင်ငံတစ်ဝန်း သင့်လျော်သော အကူအညီပေးမှုများ ရောက်ရှိရေးအတွက်လည်း သဘောတူညီခဲ့ကြသည်ဟု သိရသည်။ ထို့ပြင် ဆီးရီးယားဒုက္ခသည်များနှင့် နေရပ်စွန့်ခွာသူများ နေရပ်ပြန်နိုင်ရေးကိုလည်း အလေးထားဆွေးနွေးခဲ့ကြသည်။ ဧပြီ ၁၂ ရက်တွင် တူနီးရှားနိုင်ငံနှင့် ဆီးရီးယားနိုင်ငံတို့ သံတမန်ဆက်ဆံရေးပြန်လည်စတင်နိုင်ရန် သက်ဆိုင်ရာသံရုံးများဖွင့်လှစ်ရေး ဆုံးဖြတ်ခဲ့ကြသည်ဟု သိရသည်။

ဆင်ဟွာ

## ရွှေ့ပြောင်းနေထိုင်သူများ အဆမတန်ရောက်ရှိလာမှုကြောင့် အရေးပေါ်အခြေအနေ အီတလီကြေညာ

ရောမ ဧပြီ ၁၃

မြေထဲပင်လယ်ကိုဖြတ်၍ ရောက်ရှိလာသည့် ရွှေ့ပြောင်းနေထိုင်သူ အရေအတွက်မှာ များပြားလာသည့်အတွက် အရေးပေါ်အခြေအနေအဖြစ် အီတလီအစိုးရက ကြေညာခဲ့သည်။

ရွှေ့ပြောင်းနေထိုင်သူ အခြေအနေနှင့် ကိုက်ညီမှုမရှိဘဲ ရောက်ရှိလာသူများကို နေရပ်ပြန်ပို့နိုင်ရေးအတွက် အထူးလုပ်ငန်းစဉ်များ ချမှတ်သွားမည်ဟု ဧပြီ ၁၁ ရက်တွင် အီတလီအစိုးရကပြောသည်။

နေရပ်ပြန်ပို့ရေးလုပ်ငန်းများ၊ အဆိုပါ လုပ်ငန်းနှင့် ဆက်စပ်သည့် လုပ်ငန်းများအတွက် ယူရို ၅ သန်း (သို့မဟုတ်) အမေရိကန်ဒေါ်လာ ၅ ဒသမ ၅ သန်းကို ခွဲဝေချထားကြောင်း အီတလီအစိုးရက ပြောသည်။ ဧပြီ ၁၁ ရက်အထိ မြေထဲပင်လယ်ကိုဖြတ်ကျော်၍ အာဖရိကနှင့်အခြားသောနေရာများမှ အီတလီနိုင်ငံသို့ ဝင်ရောက်လာသည့် ရွှေ့ပြောင်းနေထိုင်သူ ၃၁၀၀၀ ကျော်ရှိသည်ဟု အီတလီအစိုးရက ပြောသည်။

ပြီးခဲ့သည့်နှစ်ကနှင့် နှိုင်းယှဉ်လျှင် အဆိုပါအရေအတွက်မှာ လေးဆ ပို၍များပြားလာခြင်းဖြစ်သည်။

နိုင်ငံအတွင်းရှိ ရွှေ့ပြောင်းနေထိုင်သူများအတွက် ဖွင့်လှစ်ထားသည့် နေရာများတွင်လည်း ပြည့်ကျပ်နေပြီဟု အစိုးရကပြောသည်။ ရှည်လျားသည့် ကမ်းရိုးတန်းရှိသည့် အီတလီနိုင်ငံသို့ ရွှေ့ပြောင်းနေထိုင်သူများကို တင်ဆောင်လာသည့် သင်္ဘောများစွာ ရောက်ရှိလာကြသည်။

ဖေဖော်ဝါရီလအတွင်းကလည်း ရွှေ့ပြောင်းနေထိုင်သူ ၂၀၀ ခန့်ကို တင်ဆောင်လာသည့် သင်္ဘောတိမ်းမှောက်မှုကြောင့် လူအများအပြား သေဆုံးခဲ့ရသည်ဟု သိရသည်။



အီတလီကမ်းခြေစောင့်တပ်မှ ကယ်ဆယ်ရေးလုပ်ငန်းများလုပ်ဆောင်နေသည်ကို တွေ့ရစဉ်။

အင်န်အိတ်ချ်ကေ

## ပါကစ္စတန်နိုင်ငံ ကရာချိ၌ စက်ရုံမီးလောင်မှုကြောင့် လေးဦးသေဆုံး

အစ္စလာမ္မာဘတ် ဧပြီ ၁၃

ပါကစ္စတန်နိုင်ငံတောင်ပိုင်း ကရာချိမြို့၌ စက်ရုံအပျက်အစီးများအောက်မှ မီးသတ်သမားလေးဦး၏ အလောင်းကိုတွေ့ရှိခဲ့သည်ဟု ဧပြီ ၁၃ ရက်တွင် ကယ်ဆယ်ရေးအဖွဲ့က ပြောသည်။ ဧပြီ ၁၂ ရက် နံနက်ပိုင်းက အိပ်ရာခင်းစက်ရုံ၌ မီးလောင်မှုဖြစ်ပွားခဲ့ပြီး မီးသတ်ကားများစွာဖြင့် မီးငြိမ်းသတ်ခဲ့ရသည်။

စက်ရုံတစ်စိတ်တစ်ပိုင်းပြိုကျစဉ် လူအချို့ အပျက်အစီးများအောက်၌ ပိတ်မိနေခဲ့သည်။ မီးသတ်သမား ၁၁ ဦးအပါအဝင် ဒဏ်ရာရရှိသူ ၁၃ ဦးကို အပျက်အစီးများအောက်မှ တွေ့ရှိခဲ့သည်။ ဧပြီ ၁၃ ရက် နံနက်ပိုင်းတွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။ မီးလောင်သည့်နေရာကို ကယ်ဆယ်ရေးအဖွဲ့က ရှင်းလင်းပြီးဖြစ်ကာ ပိတ်မိနေသည့်လူမရှိဟု သိရသည်။

ဆင်ဟွာ

## ဂျပန်နိုင်ငံ အရှေ့မြောက်ပိုင်း၌ အိမ်တစ်လုံးမီးလောင်ပြီး ငါးဦးသေဆုံး

တိုကျို ဧပြီ ၁၃ - ဂျပန်နိုင်ငံ အရှေ့မြောက်ပိုင်းခရိုင် အိုမိုရီ၌ ဧပြီ ၁၃ ရက် အစောပိုင်းက နေအိမ်တစ်လုံး မီးလောင်ခဲ့ရာ ငါးဦးသေဆုံးခဲ့ကြောင်း ဒေသတွင်း မီဒီယာက ဖော်ပြသည်။ သေဆုံးနေသူငါးဦးကို ရိုကူနိုဟီမြို့ရှိ မီးစွဲလောင်နေသော နှစ်ထပ်သစ်သားအိမ်တစ်လုံး၌ တွေ့ရှိခဲ့သည်။

အိမ်မီးလောင်ရသည့်အကြောင်းရင်းကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ဒေသတွင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ ရဲတပ်ဖွဲ့က အဆိုပါမီးသည် ရှို့မီးဖြစ်နိုင်ကြောင်း ထင်မြင်ချက်ပေးခဲ့သည်။ မီးလောင်မှုမှ အသက် ၆၈ နှစ်အရွယ်ရှိ အဘိုးအိုတစ်ဦးနှင့် မြေးနှစ်ဦး လွတ်မြောက်ခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

# ကျိုင်းတုံမြို့ရှိ ဂုံရှမ်းတိုင်းရင်းသားတို့၏ (၆၁၂)ကြိမ်မြောက် ရိုးရာမဟာသင်္ကြန် မင်္ဂလာစည်တော်တင်ပွဲပြုလုပ်



**နေပြည်တော် ဧပြီ ၁၃**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ ဂုံရှမ်းတိုင်းရင်းသားတို့၏ (၆၁၂) ကြိမ်မြောက် ရိုးရာမဟာသင်္ကြန်မင်္ဂလာစည်တော်တင်ပွဲကို ယနေ့တွင် အဆိုပါမြို့ရှိ စပ်လုံကတ်အောင်မြေနတ်နန်း၌ ပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ဝင် ဦးစိုင်းလုံးဆိုင်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် နီလင်းအောင်နှင့် တာဝန်ရှိသူများ၊ ရှမ်းတိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့် ဒေသခံရှမ်းတိုင်းရင်းသားများ တက်ရောက်ကြသည်။

ဦးစွာ ဂုံရှမ်းယဉ်ကျေးမှုအဖွဲ့က နှစ်သစ်မင်္ဂလာတေးသီချင်းဖြင့် သီဆိုဖွင့်လှစ်ကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ဝင်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဂုံရှမ်းတိုင်းရင်းသားတို့၏ (၆၁၂) ကြိမ်မြောက် ရိုးရာမဟာသင်္ကြန် မင်္ဂလာစည်တော်တင်ပွဲအတွက် အလှူငွေများပေးအပ်ရာ ဂုံရှမ်းတိုင်းရင်းသားယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဦးဟောင်ခမ်းနွမ်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်သည်။ ယင်းနောက် နန္ဒဘေရီ မင်္ဂလာစည်တော်ကို စင်ပေါ်သို့ တင်ဆောင်ကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ဝင်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက နန္ဒဘေရီမင်္ဂလာစည်ကို ခုနစ်ချက်တီး၍ ဆုမွန်ကောင်း တောင်းကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ဝင်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက မင်္ဂလာစည်တော်အား အမွှေးနံ့သာရည်များ ပက်ဖျန်းပြီး လွယ်တိုင်းရင်းသား အဖွဲ့ခေါင်းဆောင်က ရိုးရာဓလေ့အတိုင်းမင်္ဂလာစည်တော်ကို အဆက်မပြတ်တီးခတ်၍ တိုင်းရင်းသားရိုးရာအကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

အဆိုပါ ဂုံရှမ်းတိုင်းရင်းသားတို့၏ (၆၁၁) ကြိမ်မြောက် ရိုးရာမဟာသင်္ကြန် မင်္ဂလာစည်တော်တင်ခြင်းကို ရိုးရာမပျက်ကျင်းပလျက်ရှိရာ ယခုဆိုလျှင် (၆၁၂) ကြိမ်မြောက်ရှိပြီဖြစ်ပြီး နန္ဒဘေရီ စည်တော်အား ရိုးရာထုံးတမ်းအစဉ်အလာအရ ယနေ့မှစ၍ ၂၄ နာရီ အဆက်မပြတ်တီးခတ်ပူဇော်ကာ ဧပြီ ၁၄ ရက် မွန်းလွဲ ၁ နာရီခန့်တွင် မင်္ဂလာစည်တော်အား လောင့်ကုပ်နမ့်ခင်ချောင်းသို့ ပို့ဆောင်ပွဲပြုလုပ်သွားမည်ဖြစ်ကြောင်းနှင့် နန္ဒဘေရီစည်တော်အား တီးခတ်ပူဇော်ခြင်းဖြင့် ရှမ်းတိုင်းရင်းသားတို့၏ ရိုးရာဓလေ့ထုံးတမ်းအစဉ်အလာအဆိုအရ နိုင်ငံတော်ကြီးတည်ငြိမ်အေးချမ်းခြင်း၊ အမျိုး၊ ဘာသာ၊ သာသနာ နေလပမာ ထွန်းကားခြင်း၊ ရာသီဥတုကောင်းမွန်ပြီး ဆန်၊ ရေ၊ စပါး ပေါများကာ နိုင်ငံတော်အတွင်းရှိ တိုင်းရင်းသားပြည်သူအပေါင်း စိတ်နှလုံးချမ်းမြေ့စွာ နေနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီး၌ မြန်မာ့ရိုးရာအတာသင်္ကြန်မဏ္ဍပ်ဖွင့်ပွဲများ ပြုလုပ်



**နေပြည်တော် ဧပြီ ၁၃**

မြန်မာ့ရိုးရာ အစဉ်အလာနှင့်အညီ မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ်မှ ၁၃၈၆ ခုနှစ်သို့ ကူးပြောင်းမည့် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် ရေကစားမဏ္ဍပ် ဖွင့်ပွဲများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ တိုင်းစစ်ဌာနချုပ်များ၌ ယနေ့ညနေပိုင်းတွင် ကျင်းပပြုလုပ်လျက်ရှိရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းမှူးများ၊ တိုင်းစစ်ဌာနချုပ်များမှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ယိမ်းအကအဖွဲ့များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ထိုသို့ ရေကစားမဏ္ဍပ်ဖွင့်ပွဲများကို ကျင်းပပြုလုပ်ကြရာ ကျိုင်းတုံမြို့ရှိ မြန်မာ့ရိုးရာမဟာသင်္ကြန်ဗဟိုမဏ္ဍပ်နှင့် တြိဂံဒေသတိုင်းစစ်ဌာနချုပ် မဟာအတာသင်္ကြန် ဗဟိုမဏ္ဍပ်တို့၌ လည်းကောင်း၊ မန္တလေးမြို့ရှိ ဈေးချိုသူ မဏ္ဍပ်နှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်နှင့် နန်းမြို့သူဖျော်ဖြေရေး မဏ္ဍပ်တို့၌ လည်းကောင်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ရေကစားမဏ္ဍပ်၌ လည်းကောင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ကုန်းမြင့်သာ ရေကစားမဏ္ဍပ်၌ လည်းကောင်း၊ စစ်တွေမြို့ရှိ ဦးဥတ္တမပန်းခြံရှေ့ မဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်နှင့် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် မဟာသင်္ကြန်မဏ္ဍပ်တို့၌ လည်းကောင်း၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဗဟိုမဏ္ဍပ်၌ လည်းကောင်း၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် စုပေါင်းအတာရေသဘင်မဏ္ဍပ်၌ လည်းကောင်း၊ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် ဗဟိုမဏ္ဍပ်၌လည်းကောင်း(ဝဲပုံ)၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် ရေကစားမဏ္ဍပ်နှင့် လားရှိုးမြို့ရှိ မဟာသင်္ကြန်မဏ္ဍပ်၌ လည်းကောင်း၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် ရေကစားမဏ္ဍပ်၌ လည်းကောင်း၊ အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် ဗဟိုမဏ္ဍပ်နှင့် တပ်နယ်အသီးသီးရှိ ရေကစားမဏ္ဍပ်တို့၌ လည်းကောင်း၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် ပုလဲရွှေပြည်ရေကစားမဏ္ဍပ်၌လည်းကောင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် ဗဟိုမဏ္ဍပ်၌ လည်းကောင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ဗဟိုမဏ္ဍပ်၌ လည်းကောင်း အသီးသီးပြုလုပ်ကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များနှင့် တိုင်းစစ်ဌာနချုပ် အသီးသီးမှ တိုင်းမှူးများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် အတာသင်္ကြန်ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ယိမ်းအကအလှများဖြင့် ယှဉ်ပြိုင်ကပြဖျော်ဖြေခြင်း၊ စတုဒိသာကျွေးမွေးခြင်းနှင့် ပျော်ရွှင်စွာရေပက်ကစားခြင်းတို့ဖြင့် အတာရေသဘင်ပွဲတော်ကို ပျော်ရွှင်စွာ ဆင်နွှဲခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ဒီဂရီကောလိပ်(စစ်ကိုင်း)တွင် မဟာသင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပ



**နေပြည်တော် ဧပြီ ၁၃**

နယ်စပ်ရေးရာ ဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ပြည်ထောင်စု တိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (စစ်ကိုင်း)တွင် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲ အခမ်းအနားကို ယနေ့ညနေပိုင်းက အဆိုပါ ကျောင်းဝင်း အတွင်း၌ ကျင်းပသည်။

ဖွင့်ပွဲ အခမ်းအနားတွင် ပြည်ထောင်စုတိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(စစ်ကိုင်း) ကျောင်းအုပ်ကြီး ဦးစိုးကြည်က နှစ်သစ်နှုတ်ခွန်းဆက်စကား ပြောကြားပြီး သင်္ကြန်ယိမ်းအက၊ အလှမယ်များက မန်းတောင်ရိပ်ခိုသီချင်းဖြင့် ဖွင့်လှစ်သီဆို ကပြဖျော်ဖြေကြပြီး ပျော်ရွှင်စွာ ရေပက်ဖျန်းကစားကြသည်။

ဖွင့်ပွဲအခမ်းအနားသို့ ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊ ညွှန်ကြားရေးမှူးများ၊ ဌာနမှူးများ၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုဝင်များနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြပြီး ဧပြီ ၁၃ရက်မှ ၁၇ ရက်အထိ သက်ကြီးရွယ်အိုများကို ကိုယ်လက်သန့်စင်ပေးခြင်း၊ လက်သည်း၊ ခြေသည်းညှပ်ပေးခြင်း၊ ဂါဝရပြု စုပေါင်းကန်တော့ခြင်း၊ ရေကစားမဏ္ဍပ်တွင် သီဆိုကပြ ဖျော်ဖြေခြင်း၊ ရေကစားခြင်းနှင့် စတုဒိသာကျွေးမွေးခြင်းတို့ကို ရိုးရာမပျက် ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ကျောက်တန်းမြို့၌ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကျင်းပ

**ကျောက်တန်း ဧပြီ ၁၃**

မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် သင်္ကြန်အကြိုနေ့ဖြစ်သည့် ၁၃၈၄ ခုနှစ် တန်ခူးလပြည့်ကျော် ၉ ရက်က ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့ အလယ်ပိုင်းရပ်ကွက် မင်းလမ်းရှိ ကျောက်တန်းမြို့နယ် မော်ဝန်းရွှေဝါ မဟာသင်္ကြန်အတာရေသဘင် ဗဟိုမဏ္ဍပ်၌ ကျင်းပသည်။

သင်္ကြန်အကြိုနေ့ဖွင့်ပွဲတွင် ကျောက်တန်းမြို့ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ကျင်းပရေးကော်မတီဥက္ကဋ္ဌ မြို့နယ်စီမံအုပ်ချုပ်အဖွဲ့ဥက္ကဋ္ဌ ဦးဘုန်းခန့်အောင်၊ စီမံအဖွဲ့ဝင်(၁)ဗိုလ်မှူးတေဇာမြင့်၊ အမှတ်(၁) ရေနယ်မြေလုံခြုံရေးတပ်မှ ဗိုလ်မှူးနန်းဦး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး (ယာယီ) ရဲမှူးမင်းဇော်နှင့် သင်္ကြန်ပွဲတော် ကျင်းပရေးကော်မတီတို့မှ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

မြို့နယ်ဗဟိုသင်္ကြန်မဏ္ဍပ်၌ သင်္ကြန်အကြို နေ့မှစ၍ သင်္ကြန်အတက်နေ့အထိ (ဧပြီ ၁၃ ရက် မှ ၁၆ ရက်အထိ) နေ့စဉ် ယိမ်းအဖွဲ့ ကိုးဖွဲ့ဖြင့် ဖျော်ဖြေမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၄-၄-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၂၃၀ | ၂၂၈၀ | ၂၂၇၀ | ၂၂၄၀ | ၂၂၇၅ | ၂၃၀၀ | ၂၂၈၅ | ၂၂၆၀ | ၂၃၆၀ | ၂၃၇၅ | ၂၂၇၀ | ၂၂၈၀ | ၂၃၁၅ | ၂၃၁၅ | ၂၃၂၀ | ၂၅၄၅ | ၂၈၁၀ |
| 95 Ron | ၂၂၉၅ | ၂၃၄၅ | ၂၃၄၅ | ၂၃၀၅ | ၂၃၄၅ | ၂၃၆၅ | ၂၃၅၀ | ၂၃၃၀ | ၂၄၂၅ | ၂၄၄၅ | ၂၃၃၅ | ၂၃၅၀ | ၂၃၈၀ | ၂၃၈၀ | ၂၃၈၅ | ၂၆၁၅ | ၂၈၈၅ |
| HSD (500 ppm) | ၂၁၁၅ | ၂၁၆၅ | ၂၁၆၀ | ၂၁၂၀ | ၂၁၆၀ | ၂၁၈၅ | ၂၁၈၀ | ၂၁၄၅ | ၂၂၆၅ | ၂၂၆၀ | ၂၁၅၅ | ၂၁၆၅ | ၂၂၀၀ | ၂၂၀၀ | ၂၂၀၀ | ၂၄၃၀ | ၃၁၀၀ |
| HSD (50 ppm) | ၂၁၉၅ | ၂၂၄၅ | ၂၂၄၀ | ၂၂၀၀ | ၂၂၄၀ | ၂၂၆၅ | ၂၂၆၀ | ၂၂၂၅ | ၂၃၄၅ | ၂၃၄၀ | ၂၂၃၅ | ၂၂၄၅ | ၂၂၈၀ | ၂၂၈၀ | ၂၂၈၀ | ၂၅၁၀ | ၃၁၃၀ |
| HSD (10 ppm) | ၂၁၉၅ | ၂၂၄၅ | ၂၂၄၀ | ၂၂၀၀ | ၂၂၄၀ | ၂၂၆၅ | ၂၂၆၀ | ၂၂၂၅ | ၂၃၄၅ | ၂၃၄၀ | ၂၂၃၅ | ၂၂၄၅ | ၂၂၈၀ | ၂၂၈၀ | ၂၂၈၀ | ၂၅၁၀ | ၃၁၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၁၁၇ | ၂၁၉၃ |
| 95 Ron | ၂၁၈၂ | ၂၂၅၉ |
| HSD (500 ppm) | ၂၀၀၉ | ၂၀၇၉ |
| HSD (50 ppm) | ၂၀၈၃ | ၂၁၅၄ |
| HSD (10 ppm) | ၂၀၈၃ | ၂၁၅၄ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိတ်ပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ကိုးဦး တွေ့ရှိ

### ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၂၅) ရာခိုင်နှုန်းရှိ

**(၁၃-၄-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၂-၄-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၃-၄-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၆၅၀) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၉) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၂၅) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၂၁၇,၇၂၀) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၄,၁၂၁) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၅) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၄,၆၀၉) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့် အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် -

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကိုအကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရည်ကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**



ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် သင်္ကြန်မောင်မယ် ရေကစားမဏ္ဍပ်ဖွင့်ပွဲကို ဧပြီ ၁၃ ရက်က အိုးဘိုရပ်ကွက် ကျောင်းကြီးလမ်း မဟာသကျမုနိဘုရားရှေ့၌ ကျင်းပရာ အလုံခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးခင်မောင်ဦးက အမှာစကားပြောကြားပြီး အလုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် (၁) ဒုတိယဗိုလ်မှူးကြီး ကျော်သန်းဝင်းနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ တင်ဝင်းလေး(ကြည့်မြင်တိုင်)



သန်လျင်မြို့နယ် မြန်မာ့ရိုးရာယဉ်ကျေးမှု အတာသင်္ကြန် ဖျော်ဖြေရေးနှင့် ရေကစားမဏ္ဍပ်ဖွင့်ပွဲကို ဧပြီ ၁၃ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးရှေ့ မဏ္ဍပ်၌ကျင်းပစဉ်။ (အဆိုပါမဏ္ဍပ်တွင် ယိမ်းအကများ၊ ဂီတအနုပညာရှင်များ၏ သီဆိုဖျော်ဖြေမှုများ၊ စတုဒိသာကျွေးမွေး လှူဒါန်းမှုများဖြင့် စည်ကားစွာ ကျင်းပမည်ဖြစ်သည်။) သန်းဝင်း(သန်လျင်)

# စစ်ကိုင်းတိုင်းဒေသကြီး၌ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ဇာတ်ပိုလ်မဏ္ဍပ်ဖွင့်ပွဲ အခမ်းအနားကျင်းပ

**မုံရွာ ဧပြီ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး၌ ၁၃၈၄ ခုနှစ်၊ ၂၀၂၃ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ဇာတ်ပိုလ်မဏ္ဍပ် ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁၃ ရက် နံနက်ပိုင်းတွင် မုံရွာမြို့ ဗိုလ်ချုပ်လမ်း ကန်သာယာတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ ဇာတ်ပိုလ်မဏ္ဍပ်၌ ကျင်းပရာ ဖွင့်ပွဲ အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် သန်းထိုက်၊ တိုင်းဒေသကြီး တရားသူကြီးချုပ် ဦးဇော်ထူး၊ တိုင်းဒေသကြီး အစိုးရ အဖွဲ့ဝင်များ၊ အနုပညာရှင်များ တက်ရောက်သည်။



ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော် က မြန်မာ့ရိုးရာနှစ်သစ်ကူးမဟာသင်္ကြန်ပွဲတော် နှစ်သစ်ကူးမင်္ဂလာ နှုတ်ခွန်းဆက်စကား ပြောကြားသည်။ **(ဝဲပုံ)**

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် သန်းထိုက်၊ တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးတင်သန်းဝင်း၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးစောနိုင်၊ မုံရွာခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်တင်မိုး တို့က ၁၃၈၄ ခုနှစ်၊ ၂၀၂၃ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ဇာတ်ပိုလ်မဏ္ဍပ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ယိမ်းအကလှပျိုဖြူများက "မြူမှောင်ဝေကင်း" တေးသီချင်းဖြင့် ကပြဖျော်ဖြေကြသည်။

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ကန်သာယာဝန်းကျင်၌ ကျင်းပသည့် ဇာတ်ပိုလ်မဏ္ဍပ်နှင့် မဏ္ဍပ်ကြီးလေးခုတို့မှ ယိမ်းအဖွဲ့များက သင်္ကြန်ယိမ်းအက၊ တပင်တိုင်အကများဖြင့် ကပြဖျော်ဖြေခြင်းနှင့် နေ့စဉ်နံနက်၊ ညနေတို့တွင် စတုဒိသာကျွေးခြင်းများဖြင့် ကုသိုလ်ပြုကြမည်ဖြစ်ပြီး ဇာတ်ပိုလ်မဏ္ဍပ်တွင်နေ့အလိုက် ပြိုင်ပွဲဝင် ယှဉ်ပြိုင်ကပြ ဖျော်ဖြေကြမည်ဖြစ်ကာ ဧပြီလ ၁၆ ရက်နေ့တွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

# မြစ်ကြီးနားမြို့၌ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ဖွင့်ပွဲ ဒေသခံပြည်သူများဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပ

**မြစ်ကြီးနား ဧပြီ ၁၃**

မြန်မာတို့၏ ရိုးရာအစဉ်အလာ မပျက် နှစ်စဉ်ကျင်းပမြဲဖြစ်သည့် မဟာသင်္ကြန်ပွဲတော်ကို နိုင်ငံနှင့်တစ်ဝန်း ကျင်းပလျက်ရှိရာ ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ ယခုနှစ် (၂၀၂၃) ခုနှစ်တွင် ကျရောက်သည့် မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို ဧပြီ ၁၃ ရက် (သင်္ကြန်အကြိုနေ့) ညနေ ၃ နာရီတွင် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် ဇာတ်ပိုလ်မဏ္ဍပ် ဖွင့်ပွဲ အခမ်းအနား ကျင်းပသည်။

ကချင်ပြည်နယ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်အား မြစ်ကြီးနားမြို့ ရန်ကြီးအောင်ရပ်ကွက် ဆွမ်းပရာဘွမ်လမ်းမပေါ်ရှိ ဇာတ်ပိုလ်မဏ္ဍပ်၌ ကျင်းပရာ ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် မြို့ပေါ်ရပ်ကွက်များမှ ပြိုင်ပွဲဝင် ယိမ်းအဖွဲ့ ၁၃ ဖွဲ့နှင့် ဒေသခံပြည်သူများ အများအပြား တက်ရောက်ခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ဇာတ်ပိုလ်မဏ္ဍပ်အား ဖွင့်လှစ်လိုက်ကြောင်း ကြေညာရာ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးတူးဂျာ၊ ပြည်နယ်ဝန်ကြီးများဖြစ်ကြသည့် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်ကြည်လင်း၊ စီးပွားရေးရာဝန်ကြီး ဦးမျိုးဆွေ၊ သယံဇာတရေးရာဝန်ကြီး ဦးတိန့်ဆောင်နှင့် တိုင်းရင်းသားရေးရာဝန်ကြီး ဦးကျော်မင်းခိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အပေါ်ယာပုံ)**



ထို့နောက် ဇာတ်ပိုလ်မဏ္ဍပ်၌ ယိမ်းအကအလှများ ဖျော်ဖြေတင်ဆက်မှု၊ နာမည်ကျော် တေးသံရှင်များ၊ ဒေသခံအဆိုတော်များ၏ ခေတ်ပေါ်တေးသီချင်းဖြင့် သီဆိုဖျော်ဖြေတင်ဆက်မှုများကို ဒေသခံပြည်သူများနှင့်အတူ အားပေးကြည့်ရှုခဲ့ကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**



# ဘားအံမြို့၌ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်နှင့် လမ်းလျှောက်သင်္ကြန်ဖွင့်ပွဲ စည်ကားသိုက်မြိုက်စွာကျင်းပ

**ဘားအံ ဧပြီ ၁၃**

မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကို ရှေးမြန်မာမင်းများလက်ထက် ခေတ်အဆက်ဆက်မှစပြီး မပျက်မကွက် ထိန်းသိမ်းစောင့်ရှောက်လာခဲ့ကြရာ မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ် ကရင်ပြည်နယ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ဖွင့်ပွဲကို ဧပြီ ၁၃ ရက် အတာသင်္ကြန်အကြိုနေ့ နံနက် ၈ နာရီက ဘားအံမြို့ အမှတ် (၃) ရပ်ကွက် ကမ်းနားလမ်း မြို့မဘောလုံးကွင်းရှိ ဇာတ်ပိုလ်မဏ္ဍပ်၌ ကျင်းပသည်။

မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ဖွင့်ပွဲတွင် ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးက နှစ်သစ်ကူး ဆုတောင်းမေတ္တာပို့သ၍ နှစ်သစ်ကိုကြိုဆိုနှုတ်ခွန်းဆက်သသည်။

ထို့နောက် ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် ဇနီး ဒေါ်နန်းဘေဘီမြင့်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ကရင်အမျိုးသားအစည်းအရုံး (KNU) ဘားအံခရိုင် ဥက္ကဋ္ဌ ပဒိုအောင်မော်တို့က ၁၃၈၄ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်(ဘားအံမြို့) ဇာတ်ပိုလ်မဏ္ဍပ်အား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး **(အပေါ်ပုံ)** မဟာသင်္ကြန် ယိမ်းအကအဖွဲ့ ၃၈ ဖွဲ့မှ ယိမ်းသမစုစုပေါင်း ၅၀၈ ဦးခန့်က မြူမှောင်ဝေကင်း တေးသီချင်းဖြင့် တွဲဖက်၍ စုပေါင်းကပြ ဖျော်ဖြေကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ပြည်နယ်အစိုးရ အဖွဲ့ဝင်များသည် ဘားအံမြို့ အမှတ် (၄) ရပ်ကွက် ကမ်းနားလမ်း (ဘားအံ–ထုံးအိုင်ကားလမ်းမကြီး) ၌ မုခ်ဦးအလှ၊ ပုသိမ်ထီးအလှ၊ ပိတောက်ပန်းအလှ၊ ရေပန်းအလှများဖြင့် တန်ဆာဆင်ထားသော လမ်းလျှောက်သင်္ကြန်အား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး ခေမာလမ်းထိပ်မှ အင်ကုန်းလမ်းထိပ်ထိ စုစုပေါင်းပေ ၁၀၀၀ ကျော်ရှိသော လမ်းလျှောက်သင်္ကြန်ကို ပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကကြီးမှူး၍ ၁၃၈၄ ခုနှစ် မဟာသင်္ကြန်ပွဲတော် ဇာတ်ပိုလ်မဏ္ဍပ်ဖွင့်ပွဲကျင်းပ

**စစ်တွေ ဧပြီ ၁၃**

ရခိုင်ပြည်နယ် အစိုးရအဖွဲ့က ကြီးမှူး ကျင်းပသော ၁၃၈၄ ခုနှစ် မဟာသင်္ကြန်ပွဲတော် ဇာတ်ပိုလ်မဏ္ဍပ် ဖွင့်ပွဲကို ယနေ့ ညနေပိုင်းက စစ်တွေမြို့ ဦးဥတ္တမပန်းခြံရှေ့ ဇာတ်ပိုလ်မဏ္ဍပ်၌ ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် ဇနီး ဒေါ်ဆွေဆွေမြတ်၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦးနှင့် ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ဝါဝါထွန်း၊ ပြည်နယ်ဝန်ကြီးများနှင့် ဇနီးများ၊ စစ်တွေ တပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ယိမ်းအကအဖွဲ့များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်း က နှစ်သစ်ကူးဆုတောင်း နှုတ်ခွန်းဆက်စကား ပြောကြားသည်။ **(အောက်ပုံ)**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများက မဟာသင်္ကြန်ပွဲတော် ဇာတ်ပိုလ်မဏ္ဍပ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ယင်းနောက် နှစ်သစ်ဆုတောင်း တေးသီချင်းဖြင့် ရခိုင်ပြည်နယ် ယဉ်ကျေးမှု ယိမ်းအဖွဲ့က ကပြဖျော်ဖြေကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ တိုင်းမှူးနှင့် ဇနီး၊ တာဝန်ရှိသူများက အဆိုတော်များ၊ ယိမ်းအကအဖွဲ့များ၊ မဏ္ဍပ်ဖွင့်ပွဲသို့ လာရောက် ကြည့်ရှုအားပေးကြသည့် ဒေသခံပြည်သူများအား အတာရေများဖြင့် ပက်ဖျန်းပေးကြကာ ရေကစားခဲ့ကြပြီး ယိမ်းအဖွဲ့များကို ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တင်ထွန်း (ပြန်/ဆက်)**



# ကန့်ဘလူမြို့နယ် ပဇီကြီးကျေးရွာအနီး PDF အမည်ခံ အကြမ်းဖက်အဖွဲ့များက အကြမ်းဖက်လုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်ရန် ရည်ရွယ်ဖွင့်လှစ်သည့် ရုံးအဆောက်အဦအား တိုက်ခိုက်ချေမှုန်း

ပဇီကြီးကျေးရွာ အပြင်ဘက်ရှိ NUG ရုံးဖွင့်လှစ်ထားသည့်နေရာပြပုံ။




**နေပြည်တော် မေ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ပဇီကြီးကျေးရွာအနီးတွင် PDF အမည်ခံ အကြမ်းဖက်သမားများသည် ၎င်းတို့၏အကြမ်းဖက်ဌာနချုပ် NUG ရုံးအဖြစ် တည်ဆောက်၍ မေ ၁၁ ရက်တွင် ဖွင့်ပွဲပြုလုပ်ရန်ရှိကြောင်း အကြမ်းဖက်မှုကို ရွံမုန်းနေသည့် ဒေသခံပြည်သူအချို့မှ အချိန်နှင့်နေရာအား မေ ၁၀ ရက် ညပိုင်းတွင် တိကျစွာ သတင်းပေးပို့လာခဲ့သည်။

သတင်းပေးပို့ချက်အရ ကျေးရွာအတွင်းနေ အပြစ်မဲ့ပြည်သူများ ထိခိုက်မှုမရှိစေရေး ကျေးရွာနှင့် အကြမ်းဖက်အခြေချစခန်းပြုလုပ်သည့်နေရာ အကွာအဝေးကို တွက်ချက်ကာ လေကြောင်းအကန့်အသတ်ဖြင့် တိုက်ခိုက်ချေမှုန်းမှုများ ဆောင်ရွက်ခဲ့သဖြင့် အကြမ်းဖက် PDF ခေါင်းဆောင် သန့်ဇင်နှင့် အကြမ်းဖက်အဖွဲ့ဝင်များ သေဆုံးခဲ့ကြောင်း ဒေသခံပြည်သူအချို့မှ လျှို့ဝှက်သတင်းပေးပို့လာခဲ့သည်။

ဖြစ်စဉ်တွင် လေကြောင်းတိုက်ခိုက်မှုတစ်ခုတည်းကြောင့် မဟုတ်ဘဲ ၎င်းအကြမ်းဖက်စခန်းတွင် ခင်းကျင်းပြသထားသော မိုင်းများ၊ လက်နက်/ ခဲယမ်းများ ထပ်မံပေါက်ကွဲမှုကြောင့် ပြင်းထန်သော ပေါက်ကွဲမှုကြီးများ ဖြစ်ပေါ်ခဲ့ပြီး လူသေဆုံးမှု ပိုမိုများပြားခဲ့ကြောင်း၊ သေဆုံးသူများသည်ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့(ပကဖ) ရုံးခန်းဖွင့်ပွဲသို့ တက်ရောက်ခဲ့သည့် PDF အကြမ်းဖက်သမားများဖြစ်ကြောင်းကိုလည်း ဒေသခံပြည်သူများနှင့်မီဒီယာများ၏အင်တာဗျူးပြောဆိုချက်အသံဖိုင်သက်သေများအရ ကြားသိရကြောင်း၊ ၎င်းအပြင် အခမ်းအနားသို့ တက်ရောက်နေသော အကြမ်းဖက်သမားများနှင့် အားပေးသူများသည် လေယာဉ်သံကြား၍ အန္တရာယ်ကင်းရှင်းရေး ရှောင်တိမ်းစဉ် ပဇီကြီးကျေးရွာအနီးနှင့် အခမ်းအနားနေရာတစ်ဝိုက် ပတ်လည်ထောင်ထားသော အကြမ်းဖက်သမား၏ မိုင်းကွင်းမှ လက်လုပ်မိုင်းအများအပြားအား နင်းမိခြင်း၊ လူလုပ်ပဒေသာမိုင်းများ ထပ်ဆင့်ပေါက်ကွဲခြင်းတို့ကြောင့် ထိခိုက်သေဆုံးမှုများရှိကြောင်းကို ၎င်းတို့ကိုယ်တိုင် ထုတ်လွှင့်ထားသော ရုပ်/သံ ဗီဒီယိုများအရ သိရှိရသည်။

ကန့်ဘလူမြို့နယ် ပဇီကြီးကျေးရွာဝန်းကျင်သည် KIA သောင်းကျန်းသူနှင့် PDF အမည်ခံ အကြမ်းဖက်သမားများ ပူးပေါင်း၍ စစ်ကိုင်းတိုင်းမြောက်ခြမ်းအဓိက စစ်ရေးလှုပ်ရှားရာနှင့် စစ်ကိုင်းတိုင်းတောင်ခြမ်းသို့ လက်နက်/ခဲယမ်းများနှင့် လေ့ကျင့်ပြီး အကြမ်းဖက်သမားများစေလွှတ်ရာ လမ်းကြောင်းပေါ်ရှိ အဓိက စခန်းထောက်နေရာဖြစ်ကြောင်း၊ PDF အကြမ်းဖက်စစ်သင်တန်းဆင်းပွဲများ မကြာခဏပြုလုပ်ခြင်း၊ နယ်မြေတစ်ဝိုက် မိုင်းထောင်ခြင်း၊ အခိုင်အမာစခန်းများ တည်ဆောက်ခြင်းဖြင့် PDF များ၏ လွတ်မြောက်နယ်မြေအဖြစ် လျာထားဆောင်ရွက်လာခြင်းဖြစ်ကြောင်း၊ ထိုသို့ အကြမ်းဖက်လုပ်ရပ်များအတွက် ဥပဒေမဲ့ ပြုလုပ်နေမှုများကိုလည်း Social Media များပေါ်တွင် ထုတ်လွှင့်၍ အောင်ပွဲခံနေကြကြောင်း၊ ယခု ၎င်းတို့၏ ဌာနချုပ်စခန်းဖွင့်ပွဲကိုလည်း အရပ်ဝတ်များ ဝတ်ဆင်၍ တခမ်းတနားပြုလုပ်ပြီး ရုံးဖွင့်ပွဲအား ပြည်သူလူထုက ထောက်ခံသယောင် မီဒီယာများပေါ်တွင် ဝါဒဖြန့်မည့်အစီအစဉ်အား အကြမ်းဖက်မှုကို ရွံမုန်းပြီး နီးရာဓားကြောက်ရသည့် ရွာခံအချို့ထံမှ တိကျသော သတင်းရရှိထားကြောင်း၊ ဆက်သွယ်ရေးမြောင်းများဖြင့် စစ်အခြေချစခန်းသဖွယ် တည်ဆောက်ထားပြီး မိုင်းများလည်း ပတ်လည်ထောင်ထားကြောင်း၊ တိုက်ခိုက်မှုဖြစ်စဉ် ဖြစ်ပွားခဲ့သောနေရာတွင် PDF အရေးကြီးခေါင်းဆောင်နှင့် KIA သောင်းကျန်းသူများ၊ PDF အမည်ခံ အကြမ်းဖက်သမားများ စုဝေးရောက်ရှိနေကြောင်းတို့ကို သတင်းအတိအကျရရှိသဖြင့် ကျေးရွာအပြင်ဘက်တွင် သီးခြားတည်ရှိနေသော စစ်ဘက်ပစ်မှတ်တစ်ခုအနေဖြင့် တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

ပဇီကြီးကျေးရွာအနီး အကြမ်းဖက်စခန်းအားအခြေပြု၍ လှုပ်ရှားနေသော KIA သောင်းကျန်းသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများသည် ကျေးရွာအတွင်း ပြောက်ကျားအခြေပြုရာမှ ရွာအပြင်တွင် တရားဝင် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ရုံး ဖွင့်လှစ်ရန် ကြိုးပမ်းလာခဲ့သည်။ အဆိုပါ အကြမ်းဖက်အဖွဲ့သည် ၂၀၂၂ ခုနှစ် မေ ၄ ရက်မှ စတင်၍ ပင်လည်ဘူးမြို့နယ်အတွင်းသို့ လုံခြုံရေးတပ်ဖွဲ့များမရှိစဉ် ပစ်ခတ်ဝင်ရောက်၍ ဆေးရုံ၊ စာသင်ကျောင်း၊ မီးသတ်အဆောက်အဦ၊ မြန်မာ့စီးပွားရေးဘဏ်၊ ဘုရားကုန်းနှင့် လူနေအဆောက်အဦများကို အကာအကွယ်ရယူကာ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်းတို့ကို သာလွန်အင်အားဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့သဖြင့် အပြစ်မဲ့ပြည်သူနှင့် ဝန်ထမ်းများ သေဆုံးထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း၊ ဒီဇင်ဘာ ၇ ရက်တွင် ကန့်ဘလူမြို့နယ် ***စာမျက်နှာ ၁၈ သို့***



ကလေးသူငယ်များအား လက်နက်ကိုင်ဆောင်စေ၍ အကြမ်းဖက်ဆောင်ရွက်မှုများတွင် ပါဝင်လာအောင် ဆောင်ရွက်နေသည့် မှတ်တမ်းဓာတ်ပုံများ။



၉-၄-၂၀၂၃ ရက်တွင် စီမူလေးကျေးရွာ ဘုန်းကြီးကျောင်းအတွင်း သဲအိတ်များကာရံ၍ KIA/PDF အကြမ်းဖက်သမားများက စစ်စခန်းပြုလုပ်မှု။



၉-၄-၂၀၂၃ ရက်တွင် စီမူလေးကျေးရွာ ဘုန်းကြီးကျောင်းအတွင်း၌ KIA/PDF အကြမ်းဖက်သမားများက တရားမဝင် စာသင်ကျောင်းဖွင့်လှစ်သင်ကြားထားမှု။



ဖြစ်စဉ်ဖြစ်ပွားရာနေရာတွင် မိုင်းများပေါက်ကွဲခြင်းနှင့် မိုင်းများ ထောင်ထားကြောင်း ရွာသားများ ပြောကြားသည့် ဗီဒီယိုမှတ်တမ်း။



ဖြစ်စဉ်ဖြစ်ပွားရာနေရာတွင် PDF အကြမ်းဖက်သမားများ ပြုလုပ်ထားသည့် ဆက်သွယ်ရေးမြောင်း။

*စာမျက်နှာ ၁၇ မှ*

ဂါးတာကျေးရွာမှ ငါးနှစ်အောက် ကလေးငယ်သုံးဦး အပါအဝင် အမျိုးသား ခြောက်ဦး၊ အမျိုးသမီး ခြောက်ဦးတို့အား အကြောင်းမဲ့ဖမ်းဆီးသတ်ဖြတ်ခဲ့ကြောင်း၊ ဒီဇင်ဘာ ၁၇ ရက်တွင် လုံခြုံရေး တပ်ဖွဲ့ဝင်များအား ကသာမြို့နယ် နောင်ပင်ကျေးရွာ၊ မိုးဒါကြီးကျေးရွာနှင့် ဟဲနားကျေးရွာအနီး ပစ်ခတ် တိုက်ခိုက် ခဲ့ပြီး အဆိုပါ ကျေးရွာများမှ လူနေအိမ် များ မီးရှို့ဖျက်ဆီးခဲ့ရာ အိမ်ခြေ ၆၄ လုံး မီးလောင်ပျက်စီးခဲ့ကြောင်း သိရှိရ သည်။

### ဖောက်ခွဲဖျက်ဆီး

အဆိုပါအဖွဲ့သည် ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၃ ရက်တွင် ထီးချိုင့်မြို့နယ် မရသိမ်ကျေးရွာရှိ စာသင်ကျောင်းတွင် သဲအိတ်၊ ဘန်ကာများတည်ဆောက်ခြင်း၊ မိုင်းများ အတားအဆီးများချထားခြင်း၊ လေ့ကျင့်ရေးကွင်းများ ဖောက်လုပ်ခြင်း များ ပြုလုပ်၍ အခိုင်အမာစခန်း တည် ဆောက်ကာ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်နေသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင် များက သွားရောက်တိုက်ခိုက်ခဲ့ရာ ၁၀၇ မမ ရှော့တိုက် ဒုံးသီးအပါအဝင် လက်နက်၊ ခဲယမ်း၊ ဗုံးသီးများနှင့် ဆက်စပ်ပစ္စည်း များအား သိမ်းဆည်းရမိခဲ့သည်။



၇-၂-၂၀၂၃ ရက်တွင် KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက် သောင်းကျန်းသူ အဖွဲ့များက မိုးတားလေးကျေးရွာရှိ အခြေခံပညာ အထက်တန်းကျောင်းဝင်းအတွင်း ခံစစ်စခန်းသဖွယ် ဆောက်လုပ်ထားသည့် မှတ်တမ်းဓာတ်ပုံ။

အကြမ်းဖက်သမားများအနေဖြင့် ၎င်းတို့ အခြေပြုနေထိုင်ခဲ့သည့် အထောက် အထားများ မကျန်စေရန်အတွက် စာသင်ကျောင်းအား မီးရှို့၊ ဖောက်ခွဲ ဖျက်ဆီးခဲ့ကြပြီး ဖရိုဖရဲဖြင့် ထွက်ပြေး သွားခဲ့ကြောင်း သိရှိရသည်။

### လက်နက်/ခဲယမ်းများ သိမ်းဆည်းရမိ

ဆက်လက်၍ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်ခန့်မှစတင်ကာ ကသာမြို့နယ် မိုးတားလေးကျေးရွာရှိ ဘုန်းတော်ကြီး ကျောင်းများ၊ ဘုရားစေတီပုထိုးများ၊ စာသင်ကျောင်းများအတွင်းသို့ အခိုင် အမာဝင်ရောက်နေထိုင်ကာ ဆက်ကြေး ကောက်ခံခြင်း၊ ဒေသခံပြည်သူများအား နှိပ်စက်သတ်ဖြတ်ခြင်းများ ပြုလုပ်နေ ကြောင်း ဒေသခံပြည်သူတို့၏ လျှို့ဝှက် သတင်းပေးပို့ချက်အရ အကြမ်းဖက် ချေမှုန်းရေးစစ်ဆင်ရေး (Counter – Terrorism Operation) ကို ဇန်နဝါရီ ၁၈ ရက်မှ ၂၂ ရက်အထိ ပြုလုပ်ခဲ့ပြီး တိုက်ပွဲ ခုနစ်ကြိမ်ဖြစ်ပွားခဲ့ကာ လက်နက်/ခဲယမ်း များ သိမ်းဆည်းရမိခဲ့သည်။ အကြမ်းဖက် အဖွဲ့ကြောင့် ပျက်စီးခဲ့သည့် ဘုန်းကြီး ကျောင်း၊ စာသင်ကျောင်းနှင့် လူနေအိမ် များအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပြုပြင်ပေးခဲ့ရသည်။

ဖေဖော်ဝါရီ ၉ ရက်တွင် ကန့်ဘလူ မြို့နယ် စံပယ်နံ့သာကျေးရွာနှင့် တန့်ဆည် မြို့နယ် အင်ကုက္ကားကျေးရွာများရှိ ဒေသခံပြည်သူများအား လာရောက် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ကျေးရွာသူ/ ကျေးရွာသား ရှစ်ဦးသေဆုံးခဲ့ပြီး ကလေး သူငယ် နှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ မတ် ၂ ရက်တွင် ကန့်ဘလူမြို့နယ် ချပ်ကြီး ကျေးရွာ၌ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပြည်သူ့စစ်အဖွဲ့များ နယ်မြေလုံခြုံရေး ဆောင်ရွက်နေစဉ် ၎င်းအကြမ်းဖက်အဖွဲ့ များက လက်နက်ကြီး၊ လက်နက်ငယ်များ ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် ဒေသခံ ပြည်သူ့စစ်တပ်ဖွဲ့ဝင် အများအပြား သေဆုံးခဲ့ရကြောင်း၊ မတ် ၃၀ ရက်တွင် ကန့်ဘလူမြို့နယ် ပေါက်ကုန်းကျေးရွာ၌ အပြစ်မဲ့ပြည်သူ ၅၀ အား ဖမ်းဆီး ခေါ်ဆောင်သွားပြီး ကိုးဦးအား ရက်စက် စွာ ပစ်ခတ်သတ်ဖြတ်၍ လူနေအိမ် ၆၂ လုံး အား မီးရှို့ဖျက်ဆီးခဲ့ကြောင်း၊ မတ် ၁၄ ရက်နှင့် ဧပြီ ၄ ရက်များတွင် ကန့်ဘလူ မြို့နယ် ဇင်း Station အား တိုက်ခိုက် ဖျက်ဆီးခဲ့သဖြင့် အဆိုပါစစ်ကိုင်းတိုင်း မြောက်ခြမ်းကျေးရွာအုပ်စုများရှိ ပြည်သူ အများစုသည် အကြမ်းဖက်အဖွဲ့အား ကြောက်ရွံ့ရွံ့ရှာမုန်းတီးကြလျက် အဆိုပါ အဖွဲ့၏ အလစ်အငိုက်များ၌ မိမိတပ်မတော် စစ်ကြောင်းနှင့် လုံခြုံရေးအဖွဲ့များထံသို့ အခါအားလျော်စွာ လျှပ်ရှားမှုသတင်း များကို လျှို့ဝှက်ပေးပို့လျက်ရှိသည်။

### သိမ်းဆည်းရမိ

ဧပြီ ၈ ရက်တွင် ရွှေကူမြို့နယ်အတွင်း KIA သောင်းကျန်းသူနှင့် PDF အမည်ခံ အကြမ်းဖက်သမားများသည် ဧရာဝတီ မြစ် အရှေ့ခြမ်းတွင် NUG အကြမ်းဖက် အဖွဲ့၏ အရှေ့ဘက်ဌာနချုပ် တစ်ခုအဖြစ် အခြေပြုရန် ကြိုးပမ်းလျက်ရှိသော မန်ဝိန်း၊ စီသာ၊ မန်ခါး၊ စီသောင်၊ စီမူလေး၊ စီမူကြီး၊ တုံးကောက်၊ ရွာသစ်ကုန်းနှင့် နန့်လန်ကျေးရွာများ တစ်ဝိုက်ကိုလည်း တပ်မတော်စစ်ကြောင်းများက မတ် ၂၃ ရက်မှ ဧပြီ ၈ ရက်အထိ စစ်ဆင်ရေး ဆောင်ရွက်ခဲ့ရပြီး အကြမ်းဖက်အဖွဲ့များ ထံမှ အလောင်း ၁၇ လောင်း၊ လက်နက်/ ခဲယမ်းအချို့ သိမ်းဆည်းရမိခဲ့သည်။

### ဌာနချုပ်များ တည်ဆောက်ရန်

အထက်ပါ အကြမ်းဖက်ဖြစ်စဉ်များ သည် NUG လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက KIA သောင်း ကျန်းသူအဖွဲ့များ၏ ကူညီထောက်ပံ့မှုများ ရယူ၍ စစ်ကိုင်းတိုင်းမြောက်ဘက်ခြမ်း၊ ဧရာဝတီမြစ်အရှေ့ဘက် ရွှေကူမြို့ တောင်ဘက် စီသောင်ကျေးရွာတွင် အရှေ့ ပိုင်းဌာနချုပ်အဖြစ် လည်းကောင်း၊ ဧရာဝတီမြစ် အနောက်ဘက်ခြမ်း ကန့်ဘလူမြို့နယ် ပဇီကြီးကျေးရွာတွင် အနောက်ပိုင်းဌာနချုပ်အဖြစ် လည်း ကောင်း ဌာနချုပ်များ တည်ဆောက်ရန် လုပ်ဆောင်လာခဲ့မှုများကြောင့် ရပ်ရွာ တည်ငြိမ်အေးချမ်းရေးနှင့် အကြမ်းဖက် လုပ်ရပ်များ ရပ်တန့်စေရေးအတွက် လိုအပ်သော အကြမ်းဖက်ချေမှုန်းရေး စစ်ဆင်ရေး (Counter – Terrorism Operation) တစ်ရပ်အနေဖြင့် ဆောင်ရွက် ခဲ့ရခြင်း ဖြစ်သည်။

### တိုက်ခိုက်ချေမှုန်း

မိုးဒါကြီး၊ မိုးတားလေး စသော ဧရာဝတီမြစ်အရှေ့ဘက်ခြမ်းဖြစ်စဉ်များ တွင် အကြမ်းဖက်အဖွဲ့များအနေဖြင့် KIA သောင်းကျန်းသူအဖွဲ့၏အထောက်အပံ့ကို အဓိကရယူ၍ ရွှေကူမြို့နယ် စီသောင် တစ်ဝိုက် ဌာနချုပ်အဖြစ်တည်ဆောက်ရန် ကြိုးပမ်းမှုအပေါ် တပ်မတော်အနေဖြင့် စနစ်တကျစုဖွဲ့ကာ လက်ဦးမှုရယူ၍ ချေမှုန်းနိုင်ခဲ့သော်လည်း ဒေသခံပြည်သူ တို့၏ အချိန်နှင့်နေရာအတိအကျ သတင်း ပေးပို့ချက်အရ အနောက်ဘက် ပဇီကြီး ကျေးရွာတွင် ဌာနချုပ်အဖြစ်ဖွင့်လှစ်ရန် လုပ်ဆောင်မှုကို တားဆီးရန် တပ်မတော် စစ်ကြောင်းများ အလှမ်းကွာဝေးမှုကြောင့် စနစ်တကျတွက်ချက်၍ လေကြောင်း အကနဲ့အသတ်ဖြင့် တိုက်ခိုက်ချေမှုန်း ခဲ့ခြင်းဖြစ်သည်။

ကန့်ဘလူမြို့နယ် ပဇီကြီးကျေးရွာ အနီးဖြစ်စဉ်တွင် PDF အကြမ်းသမားများ ကို ဦးတည်တိုက်ခိုက်ခဲ့ရာ အကြမ်းဖက်မှု ကို အားပေးထောက်ခံသည့် အရပ်ဝတ် အကြမ်းဖက်သမားအချို့ ဆက်စပ်သေဆုံး မှုများရှိနိုင်ကြောင်းနှင့် အကြမ်းဖက် မှုများတွင် ဆက်စပ်ပါဝင်သူများသည် အရပ်ဝတ်ပင် ဝတ်ဆင်ထားစေကာမူ အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ အကြမ်းဖက်မှုတွင် အကျုံးဝင်သူများ ဖြစ်ပါသည်။ အကြမ်းဖက်မှု တိုက်ဖျက် ရေးဥပဒေပုဒ်မ ၃ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ် (၁၆)တွင် "အကြမ်းဖက်အုပ်စု ဖွဲ့စည်းရန်၊ အကြမ်းဖက်အုပ်စုတစ်ခုခုတွင် သိလျက် နှင့်ပါဝင်ဆောင်ရွက်ရန်၊ တာဝန်ပေး၍ လှုပ်ရှားဆောင်ရွက်စေရန်ပြုလုပ်မှုများ" သည်အကြမ်းဖက်မှုဖြစ်သည်ဟု လည်း ကောင်း ပုဒ်မခွဲ(ပ)တွင် "အကြမ်းဖက် သမားဆိုသည်မှာ အကြမ်းဖက်မှု တစ်ခုခု ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဥပဒေနှင့်မညီဘဲ တစ်နည်းနည်းဖြင့် ကျူးလွန်သူ သို့မဟုတ် ကျူးလွန်ရန် အားထုတ်သူ ကိုယ်တိုင်သော်လည်း ကောင်း၊ အကြမ်းဖက်မှုတွင် ကြံရာပါ အဖြစ် *စာမျက်နှာ ၁၉ သို့*



၉-၄-၂၀၂၃ ရက်တွင် KIA/PDF အကြမ်းဖက်သမားများအား မိုင်းများ၊ ဆေးပစ္စည်းစုံအိတ်နှင့်အတူ ပစ်ခတ်ဖမ်းဆီးရမိပုံ။



၉-၄-၂၀၂၃ ရက်တွင် KIA/PDF အကြမ်းဖက်သမား များအား ပစ်ခတ်ဖမ်းဆီးရမိပုံ။



၉-၄-၂၀၂၃ ရက်တွင် KIA/PDF အကြမ်းဖက်သမားများထံမှ လက်နက်၊ ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိပုံ။



၁-၃-၂၀၂၃ ရက်တွင် PDF အမည်ခံ အကြမ်းဖက်သမားများက ထီးချိုင့်မြို့နယ် မရသိမ်ကျေးရွာရှိ အခြေခံပညာမူလတန်း ကျောင်းအတွင်း စခန်းချအခြေပြု အကာအကွယ်ရယူ၍ အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်ရန် ပြင်ဆင်ထားသည့် မှတ်တမ်း ဓာတ်ပုံများ။

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဧပြီ ၁၃

**အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများ အရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်း နိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ရန်ကုန် တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် အမှတ်(၁၆)ရပ်ကွက် နေ ခင်မမသည် ၎င်းအသုံးပြုသည့် "အမေ့သမီး ဒေါင်းသွေး" Tik Tok အကောင့်နှင့် အမှတ်(၃၆)ရပ်ကွက်နေ အောင်အောင်ဦးသည် ၎င်းအသုံးပြုသည့် "Aung Aung" Facebook အကောင့်၊ ဧရာဝတီတိုင်းဒေသကြီး၊ သာပေါင်းမြို့နယ်နေ ချစ်မင်းထွန်းသည် ၎င်းအသုံးပြုသည့် "Chit Min Htun" Facebook အကောင့်တို့သည် အသိပေး သတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

*စာမျက်နှာ ၁၈ မှ*

ပါဝင်သူ သို့မဟုတ် အကြမ်းဖက်မှု ကျူးလွန်ရန် အခြားသူများအား ညွှန်ကြားသူ သို့မဟုတ် စည်းရုံးသိမ်းသွင်းသူကို သော်လည်းကောင်း၊ အကြမ်းဖက်မှု ကျူးလွန်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ပါဝင်ထောက်ပံ့သူကို လည်းကောင်း ဆိုသည်" ဟု လည်းကောင်း ပြဋ္ဌာန်းထားချက်များနှင့်အညီ အကြမ်းဖက်အဖွဲ့များ၏ နေရာတွင် ရောက်ရှိနေသူများသည် အကြမ်းဖက်အဖွဲ့များတွင် ဆက်စပ်ပါဝင်ပတ်သက်သူများ ဖြစ်ပါသည်။

ပဇီကြီးကျေးရွာအနီး KIA သောင်းကျန်းသူအဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့ တိုက်ခိုက်ချေမှုန်းခံရမှုနှင့် ပတ်သက်၍ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ ပြောရေးဆိုခွင့်ရှိသူအပါအဝင် နိုင်ငံကြီး ခုနစ်နိုင်ငံအနေဖြင့် တရားဝင်ထုတ်ပြန်သော ဖြစ်စဉ်အမှန်ကို လျစ်လျူရှု၍ ကန့်ကွက်ရှုတ်ချမှုများ ပြုလုပ်ခဲ့သည်ကို တွေ့ရှိရသည်။

အဆိုပါ နိုင်ငံကြီးများအနေဖြင့် အရှေ့အလယ်ပိုင်းဒေသ အပါအဝင် ဖြစ်ပွားနေသော ကမ္ဘာ့ရေးရာပဋိပက္ခများတွင် မိမိတို့၏ ကိုယ်ကျိုးစီးပွားများနှင့် ရနိုင်သည့် အခွင့်အလမ်းအပေါ်မူတည်၍ ရေငုံနှုတ်ပိတ်နေလျက်ရှိသည်ကိုလည်း တွေ့ရှိရသည်။ ဒီမိုကရေစီနှင့် ပြည်သူဟု ကြွေးကြော်နေသော်လည်း မိမိတို့နိုင်ငံ၏ လက်ရှိ ပကတိအမှန်တရားကို မှန်ကန်စွာမသုံးသပ်ဘဲ ပြည်သူအပေါ် နည်းမျိုးစုံဖြင့် နှိပ်စက်သတ်ဖြတ်နေသော အကြမ်းဖက်အဖွဲ့၏ လုပ်ရပ်များကို သွယ်ဝိုက်၍ သော်လည်းကောင်း၊ တိုက်ရိုက်သော်လည်းကောင်း အားပေးအားမြှောက်ပြု၍ နိုင်ငံငယ်များအပေါ် ကြီးနိုင်ငယ်ညှင်း အနိုင်ကျင့် နှိပ်ကွပ်လျက်ရှိကြောင်း တွေ့ရှိရသည်။

**အပြီးသတ်ရှင်းလင်းရန်ဆောင်ရွက်နေ**

လုံခြုံရေး တပ်ဖွဲ့ဝင်များအနေဖြင့် ဥပဒေမဲ့လုပ်ရပ်များကို ကျူးလွန်လုပ်ဆောင်နေသည့် အကြမ်းဖက်အဖွဲ့များ၊ အကြမ်းဖက်သမားများကို တားဆီးနှိမ်နင်းရာတွင် ဥပဒေနှင့်အညီသာ ဆောင်ရွက်လျက်ရှိသည်။ အကြမ်းဖက်ချေမှုန်းရေးစစ်ဆင်ရေး ဆင်နွှဲနေရသော်လည်း လက်နက်ကိုင်ပဋိပက္ခများတွင် လိုက်နာရသည့် အပြည်ပြည်ဆိုင်ရာ လူသားချင်း စာနာထောက်ထားမှုဥပဒေ၏ အဓိကအခြေခံသဘောတရားများ ဖြစ်သော အရပ်သားများနှင့် အကြမ်းဖက်တိုက်ခိုက်သူများအကြား၊ ကျေးရွာ အဆောက်အဦများနှင့် အကြမ်းဖက်အဖွဲ့ အခြေချနေရာများအကြား ခွဲခြားခြင်း (Distinction)၊ အကြမ်းဖက်သမားများကို တိုက်ခိုက်ရာတွင်လည်း မြို့ရွာများနှင့် အပြစ်မဲ့အရပ်သား ပြည်သူများကို ဆက်စပ်၍သော်လည်းကောင်း၊ မတော်တဆသော်လည်းကောင်း ထိခိုက်မှု အနည်းဆုံးဖြစ်အောင် စီမံတိုက်ခိုက်ခြင်း (Proportionality)၊ လူသားချင်းစာနာမှု (Humanity) စသည့် အခြေခံသဘောတရားနှင့်အညီ တိုက်ခိုက်လျက်ရှိသည့်အပြင် အကြမ်းဖက်ချေမှုန်းရေးစစ်ဆင်ရေးဆိုင်ရာ ဒေသအလိုက် ထိတွေ့တိုက်ခိုက်မှု စည်းမျဉ်းများ (Rules of Engagement–ROE)ကိုလည်း ထုတ်ပြန်ပေးထားကာ လိုက်နာဆောင်ရွက်စေလျက်ရှိပြီး အဆိုပါအကြမ်းဖက်ဌာနချုပ် ဖွင့်လှစ်ရန် လျာထားသည့် ပဇီကြီးကျေးရွာအနီးရှိနေရာကိုလည်း လုံခြုံရေးတပ်ဖွဲ့ဝင်များက အပြီးသတ် ရှင်းလင်းရန် ဆောင်ရွက်နေဆဲဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**




**၂၀၂၂ ခုနှစ် ဧပြီ ၄ ရက်မှ ၁၀ ရက်အတွင်း အကြမ်းဖက်အဖွဲ့များက ပင်လည်ဘူးမြို့နယ်ရှိ နိုင်ငံပိုင်အဆောက်အဦများအား အကာအကွယ်ယူ၍ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ပစ်ခတ်တိုက်ခိုက်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ။**


မြန်မာ့အလင်း

**စာတည်းမှူးချုပ်** - အောင်နိုင်ဦး
**ခေတ္တစာတည်းမှူး** - မြင့်စိုး
**သတင်းထောက်မှူး** - ခင်ရတနာ
**စာတည်းများ** - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
**ဘာသာပြန်စာတည်း** - ခြူးစန္ဒီမွေး၊ တင်လင်းအောင်
**အကြီးတန်းသတင်းထောက်များ** - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
**အငယ်တန်းသတင်းထောက်များ** - ဝေသူနွယ်၊ ဇော်ပိုင်းအောင်၊ ခင်ဖြူထွေး
**ဓာတ်ပုံသတင်းထောက်** - တင်စိုး
**သုတေသန** - အိအိခင်နှင့် အဖွဲ့
**စာပြင်** - အေးအေးမိုးလှိုင်နှင့် အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - သန်းထွန်းအောင်နှင့် အဖွဲ့
**အီးမေးနှင့် အွန်လိုင်း** - သက်လွင်ဦးနှင့် အဖွဲ့
**ထုတ်ဝေခြင်းအမှတ်** - (၀၁၀၉၃)
**ပုံနှိပ်ခြင်းအမှတ်** - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ-** အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ **စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News Presented by NPE www.mdn.gov.mm

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၃ - ၄ - ၂၀၂၃

| ရွှေ | |
|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး တစ်ကျပ်သား ကျပ် | ၂၃၆၄၅၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး တစ်ကျပ်သား ကျပ် | ၂၃၆၄၅၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၂၀၀၇ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၂၀၀၇ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၂၁၅ ကျပ် | ၂၂၇၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၂၉၅ ကျပ် | ၂၃၄၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၀၈၀ ကျပ် | ၂၁၃၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၁၆၀ ကျပ် | ၂၂၂၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

| နိုင်ငံတကာ ငွေကြေးများ | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၂၉၂ . ၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၅၇၉ . ၂ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၆၁ . ၅၆ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၈၃ . ၆ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၇၆ . ၉၅ |
| တရုတ် | တစ်ယွမ် | ကျပ် | ၃၀၅ . ၅၀ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၅ . ၆၆ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇၉၀၀ | ၈၀၀၀ | ၂၆၃ | ၂၀၉၂၇၀၀ |
| MTSH | ၃၀၀၀ | ၃၀၀၀ | ၄၇၈ | ၁၄၃၄၀၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၄၅၀ | ၁၅၀၀ | ၄၁၀၁ | ၅၉၅၁၅၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၂၆၀၀ | ၂၆၀၀ | ၇ | ၁၈၂၀၀ |
| AHP | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်

# PDF အမည်ခံအကြမ်းဖက်သမားများက လားရှိုးမြို့ ရန်တိုင်းအောင် ဘုရားဝင်းအရှေ့ ပန်းခြံအနီးတွင် လက်လုပ်ဗုံးဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့မှုကြောင့် အပြစ်မဲ့ပြည်သူ လေးဦး သေဆုံးခဲ့ပြီး ၁၁ ဦး ထိခိုက်ဒဏ်ရာများရရှိ

**နေပြည်တော် မေ ၁၃**

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ ရပ်ကွက်(၁)၊ မြို့အဝင် မုခ်ဦးအနီး ရန်တိုင်းအောင်ဘုရားဝင်းအရှေ့ပန်းခြံအနီးရှိ ကားများ ရပ်နားထားသည့်နေရာ၌ ယနေ့နံနက်ပိုင်းက PDFအမည်ခံအကြမ်းဖက်သမားများက လက်လုပ်ဗုံးဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် အကြိုနေ့ အခါသမယတွင် ဒေသခံ ဘုရားဖူးပြည်သူများနှင့် ပန်းခြံသို့ လာရောက်လည်ပတ်သူများ စည်ကား သိုက်မြိုက်လျက်ရှိသည့် လားရှိုးမြို့ ရပ်ကွက်(၁) မြို့အဝင် မုခ်ဦးအနီး ရန်တိုင်းအောင်ဘုရားဝင်းအရှေ့ပန်းခြံအနီးရှိ ကားများ ရပ်နားထားသည့်နေရာ၌ ယနေ့ နံနက် ၁၁ နာရီ ၄၅ မိနစ်ခန့်တွင် Honda Fit အနီရောင်ယာဉ်ပေါ်မှ PDF အမည်ခံ အကြမ်းဖက်သမားများထောင်ထားသည့် လက်လုပ်ဗုံးတစ်လုံး ပေါက်ကွဲခဲ့ကြောင်း၊ အဆိုပါ အကြမ်းဖက်သမားများ၏ ဗုံးထောင်ဖောက်ခွဲမှုကြောင့် ဘုရားဖူး လာရောက်ကြသည့် အပြစ်မဲ့ပြည်သူ လေးဦးသေဆုံးခဲ့ပြီး အသက် သုံးနှစ်အရွယ်ကလေးငယ်တစ်ဦး အပါအဝင် ၁၁ ဦး ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်မှ ထိခိုက်ဒဏ်ရာရရှိသူများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လားရှိုးမြို့ရှိ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှု ခံယူစေလျက်ရှိကြောင်းနှင့်ယခုကဲ့သို့မြန်မာလူမျိုးများ၏ အထွတ်အမြတ်ထားရာ နှစ်သစ်ကူး အကြိုအခါသမယတွင် ဘုရားဖူး ဒေသခံပြည်သူများနှင့် ပန်းခြံသို့ လာရောက်လည်ပတ်သူများဖြင့် စည်ကားလျက်ရှိသည့် နေရာကို ရည်ရွယ်ချက်ရှိရှိဖြင့် ဗုံးထောင်ဖောက်ခွဲ တိုက်ခိုက်ခဲ့သည့် အကြမ်းဖက်သမားများအား အမြန်ဆုံး ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ထိခိုက်ဒဏ်ရာရရှိသူ ချစ်ကိုကို၊ (၂၄)နှစ်


ထိခိုက်ဒဏ်ရာရရှိသူ ဖွဲဝေယံ၊ (၁၇)နှစ်


ထိခိုက်ဒဏ်ရာရရှိသူ မျိုးမြတ်သူ၊ (၂၃)နှစ်


ထိခိုက်ဒဏ်ရာရရှိသူ ဒေါ်စုနှင်းဝေ၊ (၁၈)နှစ်

လားရှိုးမြို့ ရန်တိုင်းအောင်ဆုတောင်းပြည့် စေတီတော်မြတ်ကြီးအနီးနေရာ၌ မိုင်းပေါက်ကွဲခဲ့သည့် နေရာပြပုံ






လားရှိုးမြို့ ရန်တိုင်းအောင်ဘုရားအနီး PDF အမည်ခံ အကြမ်းဖက်သမားများက လက်လုပ်ဗုံးဖြင့် ဖောက်ခွဲတိုက်ခိုက်မှုကြောင့် ထိခိုက်ပျက်စီးမှု မှတ်တမ်းဓာတ်ပုံများ



# ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ်၌ ဘိန်းဖြူချက်လုပ်သည့်စခန်း ဖော်ထုတ်သိမ်းဆည်းရမိ

**နေပြည်တော် မေ ၁၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)မိုင်းဆတ်မြို့နယ်၌ ဘိန်းဖြူချက်လုပ်သည့်စခန်း ဖော်ထုတ်သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

**စုံစမ်းဖော်ထုတ်**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၇ ရက်နေ့ မွန်းလွဲ ၃ နာရီတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ် မိုင်းတွမ်းတောင် ပေါ်ကျေးရွာအုပ်စု နမ့်ခမ်း(၁)အပေါ်ကျေးရွာ၏ အနောက်ဘက် လေးမိုင်ခန့်အကွာရှိ လျှိုအတွင်းတွင် မူးယစ်ဆေးဝါး ချက်လုပ်နေကြောင်း သတင်းအရ ရှာဖွေရာ ၎င်းလျှိုအတွင်းရှိ မိုးကာတဲလေးလုံးအတွင်း၌ ဘိန်းဖျော်ရည်လီတာ ၆၀၊ ထိန်းချုပ်ဓာတုပစ္စည်း အီသိုင်းအီသာလီတာ ၈၀ နှင့် အခြားဓာတုပစ္စည်းများဖြစ်သည့် Benzene လီတာ ၆၀၊ ဆိုဒီယမ်ကာဗွန်နိတ် ၃ ကီလို၊ ဆိုဒီယမ်နိုက်ထရိတ် ၄ ကီလို၊ ပိုတက်ဆီယမ် ၁၅ ကီလိုနှင့် ဘိန်းဖြူချက်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့သဖြင့် ဥပဒေအရ အရေးယူထားရှိပြီး ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီးရမိရေး စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

**သတင်းစဉ်**






# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂ × ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၇၂၀ | - |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၆၀၀၀၀ | ၁ လုံး | ၁၉၁၄၄ သိန်း | ၄၀၈၅၆ သိန်း |
| ၃။ | သုဓမ္မာဇရပ်(၅၄×၃၀×၃၂)ပေ | ၂၉၇၀. ၀၀ | ၆ | ၅ | ၁ |
| ၄။ | ဂေါပကရုံး(၄၈×၂၄×၂၉)ပေ | ၄၈၁၀. ၀၀ | ၁ | - | ၁ |
| ၅။ | မော်ကွန်းတိုက်(၇၂×၃၀×၃၂)ပေ | ၈၀၇၉ | ၁ | ၁ | - |
| ၆။ | အဝင်မုခ်ဦး(အနောက်ဘက်) | ၂၈၆၅ | ၁ | ၁ | - |
| ၇။ | ရွေ့လျားစက်လှေကား(Walking Escalator) | | | | |
| | (က) Acrylic အမိုးအကာလုပ်ငန်း | ၄၅၄၃. ၁၀ | ၁ | - | ၁ |
| | (ခ) Pile Foundation လုပ်ငန်း၊ အဆောက်အဦ RC Structure လုပ်ငန်း၊ မိုးကြိုးလွှဲတပ်ဆင်ခြင်းလုပ်ငန်း၊ ထိန်းချုပ်ခန်းများတည်ဆောက်ခြင်းလုပ်ငန်း | ၃၂၈၄. ၃၀ | ၁ | - | ၁ |
| ၈။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၉။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၂ တိုင် | ၇ တိုင် |
| ၁၀။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၉ ခန်း | ၁၉၁ ခန်း |
| ၁၁။ | မြန်မာမှုတစ်ဖက်လှခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၉၃ ခန်း | ၃၆၂ ခန်း |
| ၁၂။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၃၂. ၀၀ | ၅၀ တိုင် | - | ၅၀ တိုင် |
| ၁၃။ | လမ်းမီးတိုင်(၆ မီတာ) ၁ တိုင်လျှင် | ၁၆. ၈၅ | ၂၀၈ တိုင် | - | ၂၀၈ တိုင် |
| ၁၄။ | Garden Light (၄ မီတာ) ၁ တိုင်လျှင် | ၁၉. ၀၀ | ၃၆၆ တိုင် | - | ၃၆၆ တိုင် |
| ၁၅။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၄၄ ခု | ၅၀၈ ခု |
| ၁၆။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၈. ၅၀ | ၇၅၇၆. ၃၅ ကျင်း | - | ၇၅၇၆. ၃၅ ကျင်း |
| ၁၇။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၅၀ | ၂၁၈. ၁၄ ကျင်း | ၂၉ ကျင်း | ၁၈၉. ၁၄ ကျင်း |
| ၁၈။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၆. ၅၀ | ၈၄၇၃ ကျင်း | - | ၈၄၇၃ ကျင်း |
| ၁၉။ | မုစလိန္ဒအိုင် | ၂၂၇၃၁. ၀၂ | ၁ | ၅၃၄၅ သိန်း | ၁၇၃၈၆. ၀၂ သိန်း |
| | (က) မုစလိန္ဒအိုင်ရေကန်လုပ်ငန်း | ၆၇၁၀. ၅၉ | ၁ | - | ၁ |
| | (ခ) မုစလိန္ဒအိုင်အဝင်မုခ်ဦးတည်ဆောက်ခြင်း | ၃၆၀၆. ၃၆ | ၁ | - | ၁ |
| | (ဂ) မုစလိန္ဒအိုင်အတွင်းအပြင်ပတ်လမ်းရင်ပြင်ကွန်ကရစ်ခင်းလှေကားများပြုလုပ်ပေးခြင်း | | | | |
| | ၁။ အရှေ့ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၂။ အနောက်ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၃။ တောင်ဘက်ရင်ပြင်(၆၄၈၂ စပေ) | ၂၅၉၄. ၂၆ | ၁ | - | ၁ |
| | ၄။ မြောက်ဘက်ရင်ပြင်(၅၅၅၂ စပေ) | ၂၂၃၆. ၄၀ | ၁ | - | ၁ |
| | (ဃ) စကျင်ကျောက်ပြားခင်းခြင်း(၃၁၇. ၆၅ ကျင်း) | ၈. ၅၀ | ၃၁၇. ၆၅ | - | ၃၁၇. ၆၅ |
| | (င) ရေကန်ပတ်လည် ကနုတ်သံပန်းလက်ရန်းတပ်ဆင်ခြင်း | ၂၅. ၂၀ | ၄၇ | - | ၄၇ |
| | (စ) အတွင်း/အပြင် မီးနှင့်အပြင်ရေဆက်သွယ်ခြင်း | | | | |
| | ၁။ အတွင်း/အပြင် မီးဆက်သွယ်ခြင်း | ၅၄၀. ၀၀ | ၁ | - | ၁ |
| | ၂။ အပြင်ရေဆက်သွယ်ခြင်း | ၇၂၀. ၀၀ | ၁ | - | ၁ |
| ၂၀။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၂၁၉. ၀၀ | ၁၂၇ ခု | - | ၁၂၇ ခု |
| ၂၁။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)(Creamy Paper) လှူဒါန်းနိုင်ရေး[၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၁၂. ၀၀ | ၁၀၀၀ စုံ | ၅၇၄ စုံ | ၄၂၆ စုံ |
| ၂၂။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)(Bibble Paper) လှူဒါန်းနိုင်ရေး[၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၂၀. ၀၀ | ၅၀၀ စုံ | ၂၂၁ စုံ | ၂၇၉ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ပြည့်ဖြိုးကျော် ၈/ပဖန(နိုင်)၁၄၇၇၉၂၏ ပတ်စ်ပို့ နံပါတ်မမှတ်မိမှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၅၅၁၅၈၆၅၄**

## အမည်ပြောင်း

မုဒုံမြို့၊ အထက (၂)၊ Grade-1 (အောင်) မှ (ဘ)ဦးဇော်ဇော်ဦး၏သား မောင် အာကာကျော် အား မောင်အောင်ဖြိုးကိုဟုအမည် ပြောင်းလဲခေါ်ပါရန်။

**မောင်အောင်ဖြိုးကို**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6F/9183, SKAT DUMP TRUCK(4x2) ၏ဖောင်းကြွ နံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မင်းဘူး)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2H/6050, HINO ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်းအများ သိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းရုံး(မကွေး)**

## ပတ်စ်ပို့ပျောက်

ကျွန်မ ဒေါ်စောသူဇာ ၈/သရန(နိုင်)၀၇၃၃၆၃ ၏နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် အောက်ပါ ဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၅၃၀၇၉၄၁**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၀၄)ရပ်ကွက်၊ ရွှေဥဩလမ်း၊ အမှတ် (၄၆၆/ခ)ရှိ ဒေါ်ဝင်းအမည်ပေါက် မြေချပါမစ်(မူရင်း) အမျိုးအစားဟု ခေါ်တွင်သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော(၁)ထပ်တိုက်အဆောက်အအုံ၊ အကျယ်အဝန်းပေ (၂၀x၆၀)ရှိ မြေကွက်နှင့် ဆက်စပ်လျက်ရှိသော ရေ၊ လျှပ်စစ်မီး၊ အဆက်စပ်အရောင်းအဝယ်စာချုပ်(မူရင်း)များအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိထားပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးတင်ထွန်း ၁၂/သဃက(နိုင်)၀၈၀၆၂ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီး အပိုင်ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပါသည်။

အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိ စေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဖိုးလ်ဖိုးလ်မောင် (ဥပဒေဘွဲ့) ဒေါ်ဆုမြတ်ဇင်မွန်သိမ့်(ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၅၃၃) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၅၀၅)**
**အမှတ် (၅၀)၊ ဓမ္မပါလလမ်း၊ ဆရာစံမြောက်/အနောက်ရပ်ကွက်၊**
**ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၄၄၈၀၀၀၄၆၈၊ ၀၉-၂၆၂၀၄၉၄၆**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 30W/11621, Honda Click 110 ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ပြုံးထိုက် ၉/အမဇ(နိုင်)၀၀၉၁၈၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 79W/80959, Kamax(KZ)Wave110 M/C ယာဉ်လက်ဝယ်ရှိသူ Kamax Group Myanmar Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင် ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 42W/93275, honda Scoopyi 110 M/C ယာဉ်လက်ဝယ်ရှိသူ Sein Shwe Yaung Pyae Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင် ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 34W/25378, tunde-125 ယာဉ်လက်ဝယ်ရှိသူ Shwe Hlaing Htoo Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန် အသိပေးကြေညာခြင်း

ပခုက္ကူမြို့၊ အမှတ်(၈)ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၁/ဝါးတန်းကွင်း)၊ ဦးပိုင်/မြေကွက်အမှတ်(၃၃)၊ ဧရိယာ(၀ဒသမ၁၀၆)ကေရှိ မြေကွက်အား ပခုက္ကူမြို့၊ အမှတ်(၈)ရပ်ကွက်၊ မြို့မလမ်းနေ ဖခင်ဖြစ်သူ ဦးဘကဲအမည်ဖြင့် (၂၀-၃-၁၉၅၈)မှ (၁၉-၃-၁၉၈၈)ထိ နှစ်(၃၀)ဂရန်ရရှိခဲ့သော မြေကွက်ဖြစ်ပါသည်။ အဆိုပါဦးဘကဲ အမည်ဖြင့်ရရှိခဲ့သည့် မြေငှားဂရန်(မူရင်း)နှင့် စာရွက်စာတမ်းအထေက်အထားတို့အား အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းရောင်းချခြင်း၊ ပေါင်နှံထားခြင်း၊ ငှားရမ်းထားခြင်း၊ အမွေစားအမွေခံအဖြစ် ပေးကမ်းထားခြင်းနှင့် ပတ်ဝန်းကျင်ရှိနယ်နိမိတ်ပြဿနာအရှုပ်အရှင်းများမရှိပါကြောင်းနှင့် ဖခင်ဖြစ်သူ ဦးဘကဲအမည်ဖြင့် ရရှိခဲ့သည့် မြေငှားဂရန်(မူရင်း)နှင့် စာရွက်စာတမ်းအထောက်အထားတို့အား အမှန်တကယ်ပျောက်ဆုံးသည်မှာ မှန်ကန်ပါသည်။ အဆိုပါ ဝိုင်းမြေကွက်အား မူလပိုင်ရှင်ဖြစ်သူ ဦးဘကဲ-ဒေါ်အေးချမ်း (မိဘနှစ်ပါးကွယ်လွန်)ပြီးနောက် ၎င်းတို့၏သားသမီးများဖြစ်သော ဒေါ်သီတာ၊ ဦးသန်းမောင်၊ ဒေါ်စန်းစန်းလှိုင်နှင့် ဦးကဲမောင်စိန်(ခ)ဦးမြင့်စိုးပါ (၄)ဦးထွန်းကားခဲ့ရာ အငယ်ဆုံးဖြစ်သူ ဦးကဲမောင်စိန်(ခ)ဦးမြင့်စိုး(လူပျိုကြီး)သည် (၂-၄-၂၀၂၃)ရက်၌ နှလုံး/ အစာအိမ်ရောဂါဖြင့် ကွယ်လွန်ပြီးဖြစ်သဖြင့် ကျန်ရစ်သူမောင်နှမ(၃)ဦးမှ (၄-၄-၂၀၂၃)ရက်၌ အမွေကျန်ပစ္စည်းများဖြစ်သော ဦးပိုင်အမှတ်(၃၃)ရှိ ဧရိယာ (၀ဒသမ၁၀၆)ကေ အနက်မှ အရှေ့ဘက်ခြမ်းရှိဧရိယာ(၀ဒသမ၀၇၆)ကေရှိမြေကွက်နှင့် အဆောက်အအုံအား ဒေါ်သီတာနှင့် ဦးသန်းမောင်တို့အားလည်းကောင်း၊ ဦးပိုင်အမှတ်(၃၃)ရှိ ဧရိယာ(၀ဒသမ၁၀၆)ကေအနက်မှ အနောက်ဘက်ခြမ်းရှိဧရိယာ(၀ဒသမ၀၃၀)ကေရှိမြေကွက်နှင့် အဆောက်အအုံအား ဒေါ်စန်းစန်းလှိုင်အား လည်းကောင်း၊ အသိသက်သေများရှေ့မှောက်တွင် မိသားစု အမွေစီမံခန့်ခွဲမှုဆိုင်ရာ သဘောတူစာချုပ်ဖြင့် သဘောတူညီမှုရရှိပြီး စဉ်ဆက်မပြတ် လက်ရှိနေထိုင်အကျိုးခံစားလာခဲ့သည်မှာ ယနေ့အချိန်ထိဖြစ်ပါသည်။

အထက်ပါ ကျွန်မ၏ မိတ်ဆွေများမှ ဦးပိုင်အမှတ်(၃၃)ရှိ အရှေ့ဘက်ခြမ်းရှိ ဧရိယာ(၀ဒသမ၀၇၆)ကေ ရှိမြေကွက်နှင့်အဆောက်အအုံအား ဒေါ်သီတာနှင့် ဦးသန်းမောင်တို့အမည်ဖြင့်လည်းကောင်း၊ အနောက်ဘက်ခြမ်းရှိဧရိယာ(၀ဒသမ၀၃၀)ကေရှိမြေကွက်နှင့်အဆောက်အအုံအား ဒေါ်စန်းစန်းလှိုင်အမည်ဖြင့်လည်းကောင်း၊ မြေငှားဂရန်ခွဲစိတ်အမည်ပြောင်းရရှိရေး လျှောက်ထားမည်ဖြစ်၍ အဆိုပါ ဝိုင်းမြေကွက်နှင့်ပတ်သက်၍ သက်ဆိုင်သည့် မည်သည့်ပုဂ္ဂိုလ်မဆို ခိုင်လုံသော တရားဝင်စာရွက်စာတမ်း အထောက်အထားများဖြင့် မည်သူမဆိုကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာစာပါသည့်ရက်မှစ၍ ရက်ပေါင်း ၁၅ရက်အတွင်း သက်ဆိုင်ရာ ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှင့် မြို့နယ်လယ်/စီအင်းဦးစီးဌာန(ယခင်မြို့နယ်မြေစာရင်းဦးစီးဌာန)တို့၌ တရားဝင် စာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည် အထိ လာရောက်ကန့်ကွက်ခြင်းများမရှိပါက ဒေါ်သီတာ၊ ဦးသန်းမောင်နှင့် ဒေါ်စန်းစန်းလှိုင်တို့အမည်ဖြင့် ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ မြေငှား ဂရန်ခွဲစိတ်အမည်ပြောင်းရရှိရေး ဆက်လက်လျှောက်ထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သီတာ၊ ဦးသန်းမောင်နှင့် ဒေါ်စန်းစန်းလှိုင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိသိမ့်ကျော်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၆၂၉)(၁၄-၆-၂၀၁၈)**
**ရွှေကံသာရပ်၊ အမှတ်(၃)ရပ်ကွက်၊ ပခုက္ကူမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 35W/60405, Yamaha FZ 150S ယာဉ်လက်ဝယ်ရှိသူ ဦးဇော်လင်းသန်း ၉/အမရ(နိုင်)၁၀၃၆၁၂ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1H/4043 ယာဉ်လက်ဝယ်ရှိသူ ဦးဉာဏ်လင်း ၉/အမရ(နိုင်)၀၀၈၇၃၆ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြင်ဦးလွင်)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၀-သုဝဏ္ဏ(ဘုရားအနီး)၊ မြေကွက် အမှတ်-၂၈၊ ဧရိယာပေ (၆၀x ၈၀)ရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၃၀)ရပ်ကွက်၊ ယုဇနလမ်း၊ အမှတ် (၂၈)ဟု ခေါ်တွင်သော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိထားအမည်ပေါက်ပိုင်ဆိုင်လျက်ရှိသူများဖြစ်ကြသော ဦးနေလင်း ၁၂/ပဇတ(နိုင်)၀၃၀၂၇၃နှင့် ဒေါ်မျိုးမျိုးရှိန် ၁၂/လမတ(နိုင်)၀၂၉၈၈၃တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံတွင် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇော်လတ် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၀၃၈)**
**အမှတ်-၃၆၊ မြေညီထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ (၂)ရပ်ကွက်၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၂၅၄၁၁၇၈၅၄**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆၂ ကံဘဲ့၊ မြေကွက်အမှတ်-၃၂/ဃ၊ ဧရိယာ ၀.၂၀၄ဧက၊ မြေကွက်တည်နေရာအမှတ် (၄၆/ဒီ)၊ ကမ္ဘာအေးဘုရားလမ်း၊ (၁၀)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် (ဒေါက်တာ ခင်မောင်ထူး) (BY-၀၁၁၄၆၃)၊ ဒေါ်အေးအေးသော် (AC-၀၄၆၂၀၇) အမည်ပေါက်၊ မြေပိုင်မြေ (အိမ်ရာမြေသတ်မှတ်)မြေအား အမည်ပေါက် ဒေါက်တာ ခင်မောင်ထူး(ဖခင်)သည် ၁-၄-၂၀၁၁ရက်တွင်လည်းကောင်း၊ ဒေါ်အေးအေးသော်(မိခင်)သည် ၂၈-၁-၂၀၀၈ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်သဖြင့် ဒေါ်ကေသွယ်ထူး ၁၂/မရက(နိုင်)၁၁၄၀၉၃၊ ဦးအောင်ဆန်းထူး ၁၂/မရက (နိုင်)၁၂၀၂၁၇တို့မှ တရားဝင်သားသမီးများတော်စပ်ကြောင်း၊ ကျန်အမွေစားအမွေခံတစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ မြန်မာ ဓလေ့ထုံးတမ်းဥပဒေအရ အမွေဆက်ခံပိုင်ဆိုင်လာခဲ့ပါကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံချက်ကျမ်းကျိန်လွှာ(၂)စောင်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း, အမည်ပေါက်စာချုပ်တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန်နှင့် စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**

**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ တွံတေးမြို့နယ်၊ ပျော်ဘွယ်လေးကျေးရွာ၊ ကွင်းအမှတ် ၁၉၂၊ ဦးပိုင်အမှတ်/မြေကွက်အမှတ် ၃၉ ခ/၈ ဦးကျော်ကျော်ဇင် အမည်ဖြင့် မြေပုံအမည်ပေါက် ပုံစံ-၁၀၅ကို ရောင်းချပိုင်ခွင့်ရှိသော လယ်မြေဧရိယာ (၁ဒသမ၉၀)ဧကကို ၁၂-၄-၂၀၂၃ရက်တွင် ပျော်ဘွယ်လေးကျေးရွာ အုပ်ချုပ်ရေးမှူး ရှေ့မှောက်တွင် အရောင်းအဝယ် စရန်ပေးကတိစာ ချုပ်ချုပ်ဆိုထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများ ယနေ့မှစ၍ တစ်ပတ်အတွင်း ခိုင်လုံသော အထောက်အထားဖြင့် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူများမရှိပါက အရောင်းအဝယ်စာချုပ်ကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ကိုသက်နိုင်ဦး ၉/ခအဇ(နိုင်)၀၀၁၇၅၁**
**ဖုန်း-၀၉-၅၁၈၅၃၆၅၊ ၀၉-၇၉၈၆၈၁၀၉၃**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 47W/38627, Adixin-125 ယာဉ်လက်ဝယ်ရှိသူ Amazing New Sky Co.,Ltd. က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာ ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 75W/39161, Super Anbo -110, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ချိုချိုမြင့် ၉/အမဇ(နိုင်)၀၄၂၈၁၅ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄၊ မြေကွက်အမှတ်(က/၁၂၂)၊ ဦးကနေဇာ+၁ (AG-၃၂၇၁၁၂)အမည်ပေါက် နှစ်(၆၀)ဂရန်မြေ အမျိုးအစားမြေကွက် အကျယ်အဝန်း (၂၅ x ၅၀)ပေရှိသည့် အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော အမှတ်-၂၄/က၊ (၆)လမ်း၊ သဘော်ကျင်း ရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့ရှိ အကျယ်အဝန်း (၁၂ ၁/၂ x ၅၀)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးမြင့်သန်း ၁၂/ဒပန(နိုင်) ၀၀၄၉၄၅ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထား ပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ် မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

| | | |
|---|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** | **ဒေါ်တင်ဇာအေးကို(LL.B)** |
| **ဒေါ်ခင်ဆွေမြင့်** | **ဒေါ်ယဉ်ယဉ်သူ(LL.B)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၅၆၄)** |
| **၁၂/မရန(နိုင်) ၀၁၃၈၅၈** | **အထက်တန်းရှေ့နေ(စဉ်-၂၅၈၃၂)** | **ဖုန်း-၀၉-၇၆၄၈၅၂၈၇၉၊ ၀၉-၇၇၀၀၇၃၅၆၁** |

## ဦးမျိုးဝင်းအောင်(ခ)အဗ်ဒွလ်မာလစ်(က်)နှင့် အများသိစေရန်

ရောဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမြို့နယ်၊ စိန်ငါးပွင့်ဆီစက်၊ တံတားအနီးနေ ဒေါ်စုစုလှိုင်(ခ)ဘီနေဇာဘီ ၁၄/ကကန(နိုင်)၁၆၉၁၃၈နှင့် ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမြို့နယ်၊ ကျန်စစ်သားလမ်း၊ အမှတ် (၂)နေ ဦးမျိုးဝင်းအောင်(ခ)အဗ်ဒွလ်မာလစ်(က်)တို့သည် ၂၇-၁-၂၀၀၇ ရက်တွင် အစ္စလာမ့်တရားတော်နှင့်အညီ နေကာဟ်ပြုထိမ်းမြားလက်ထပ်၍ သားတစ်ဦးနှင့် သမီးတစ်ဦး ထွန်းကားခဲ့ပြီးနောက် ခင်ပွန်းဖြစ်သူမှ ဇနီးဖြစ်သူအား စိတ်ပိုင်ဆိုင်ရာညှင်းပန်းနှိပ်စက် ခြင်း၊ တာဝန်ယူမှု၊ တာဝန်ခံမှုမရှိခြင်း၊ ဇနီးဖြစ်သူအား အထောက်အပံ့၊ အဆက်အသွယ်၊ ပေါင်းသင်းခြင်းမရှိခဲ့ခြင်းတို့ကြောင့် ဇနီးဖြစ်သူမှ သက်ဆိုင်ရာ ဘာသာရေးအဖွဲ့ ဓမ္မသတ်ဌာနထံမှ အစ္စလာမ့်တရားဥပဒေဖဿဝါဓမ္မသတ် ဆုံးဖြတ်ချက်ရယူခဲ့ပြီး ၆-၃-၂၀၂၃ရက်မှစ၍ ခင်ပွန်းအဖြစ်မှ အပြီးအပြတ်ကွာရှင်း ပြတ်စဲကြောင်း မြွက်ဟကြေညာပြီးဖြစ်၍ တစ်ဦးနှင့်တစ်ဦး မည်သို့မျှ ပတ်သက် စပ်ဆိုင်ခြင်းလုံးဝ(လုံးဝ)မရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်စုစုလှိုင်(ခ)ဘီနေဇာဘီ** | **ဦးမြတ်သန်းဦး** |
| **၁၄/ကကန(နိုင်)၁၆၉၁၃၈** | **{(B.A Eco:), H.G.P, D-A(1)}** |
| **စိန်ငါးပွင့်ဆီစက်၊ တံတားအနီး၊** | **အထက်တန်းရှေ့နေ (စဉ်-၁၀၂၂၀)** |
| **ကျောင်းကုန်းမြို့နယ်၊** | **မင်္ဂလာတောင်ညွန့်မြို့နယ်၊** |
| **ဧရာဝတီတိုင်းဒေသကြီး** | **ရန်ကုန်မြို့၊ ဖုန်း-၀၉-၂၆၂၇၅၂၆၂၅** |

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6J/3659, Toyota Probox NCP 50, Station Wagon (4x2)(R) ယာဉ်လက်ဝယ်ရှိသူ ဦးနေအောင် ၁၂/ပဇတ(နိုင်)၀၀၅၀၈၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**
**ရန်ကုန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7E/9079, TOYOTA PROBOX NCP 50, STATION WAGON (4x2)(R) ယာဉ်လက်ဝယ်ရှိသူ ဦးဘမောင် ၁၂/ပဇတ(နိုင်)၀၁၆၁၀၁ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**
**ရန်ကုန်မြို့**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ထားဝယ်ခရိုင်၊ သရက်ချောင်းမြို့၊ မြို့မရပ်ကွက်၊ ကျောင်းကြီးလမ်း နေ ဦးကျော်အောင် ၆/လလန(နိုင်) ၀၁၇၆၈၃၊ ဒေါ်လှဲ့လှဲ့ဝင်း ၆/လလန(နိုင်) ၀၁၇၆၈၄တို့၏သမီးဖြစ်သူ မလေးလေးနွယ် ၆/သရခ(နိုင်) ၀၉၂၇၃၄ နှင့် သားမက်ဖြစ်သူ မောင်သိန်းဇော် ၇/ကဝန(နိုင်) ၁၅၂၈၇၄တို့သည် မိဘတို့၏ ဆို ဆုံးမမှုကို နားမထောင်သည့်အပြင် မိသားတစ်စုလုံးက ခွင့်မလွှတ်နိုင်သည့် ကိစ္စရပ်များကို အကြိမ်ကြိမ်အခါခါ ပြုလုပ်နေပါသဖြင့် ၎င်းတို့အား သားသမီးများအဖြစ်မှ ကြေညာသည့်ရက်မှစ၍ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် ၎င်းတို့ နှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း ကြေညာအပ်ပါသည်။(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။) **ဦးကျော်အောင်-ဒေါ်လှဲ့လှဲ့ဝင်း**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7L/2935 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မြိတ်)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2B/8590 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မြိတ်)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4N/6621 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မြိတ်)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၆၇ယ/၆၄၉၃၁ ယာဉ်လက်ဝယ်ရှိသူ ဒေါ်တင်တင်မော် ၉/မသန(နိုင်)၀၀၅၄၉၆ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန၊ ခရိုင်ရုံး (ကျောက်ဆည်)သို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ကျောက်ဆည်)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 31W/30312 ယာဉ်လက်ဝယ်ရှိသူ ဒေါ်လချီမာဒေဝီ ၉/မကန(နိုင်)၀၇၈၁၅၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ပြင်ဦးလွင်)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 31W/17735 ယာဉ်လက်ဝယ်ရှိသူ ဦးဖိုးနီ ၉/မမန(နိုင်)၁၈၇၈၇၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်၊ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ပြင်ဦးလွင်)**

## အများသိစေရန်နှင့်ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်၊ ကွင်းအမှတ် (၁၅/၂-၆)၊ ဦးပိုင်အမှတ်(၁၃၁)၊ မြေရေိယာ(၀ဒသမ၁၈၄)ကေရှိမြေကွက်သည် မူလက ဦးမောင်မောင်သန့်အမည်ဖြင့် ခရိုင်အမှုတွဲအမှတ် ၃၁၈၁/V၁၉၈၉-၁၉၉၀ အရ (၃၀-၆-၂၀၂၀)ရက်အထိ နှစ်(၃၀)မြေငှားဂရန်ရရှိခဲ့ပါသည်။ မြေငှားဂရန်အမည်ပေါက်သူ ဦးမောင်မောင်သန်းက (၂၀-၂-၂၀၂၃)ရက်စွဲပါ မြို့နယ် စာချုပ်စာတမ်း မှတ်ပုံတင်အမှတ်(၇၉/၂၀၂၃)အရ ၎င်းပိုင်ဆိုင်သည့် ခြံမြေကွက်အား ဒေါ်ဂျာကိန် (၁/ကမတ(နိုင်)၀၀၅၇၁၅)ထံသို့ အပြီးအပိုင် ရောင်းပေးခဲ့ပါသဖြင့် ယခုအခါ ဒေါ်ဂျာကိန်အမည်ဖြင့် မြေငှားဂရန်(အမည်ပြောင်း)လျှောက်ထားမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊**
**မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၅)ရပ်ကွက်၊ ရွှေနှင်းဆီ (၆)လမ်းနှင့် အောင်သုခ လမ်းထောင့်၊ တိုက်အမှတ် (၃၆၄)၊ မြေညီအပါ (၅လွှာ)ရှိ (A3) (ဒုတိယထပ်)ခြေရင်းခြမ်း၊ ပေအကျယ် (၁၈x၅၅) အကျယ်ရှိ တိုက်ခန်းကို ကန်ထရိုက်တာ ဦးမြင့်ထံမှ ဆက်စပ်စာချုပ် အဆင့်ဆင့်ဖြင့် နောက်ဆုံးဝယ်ယူထားသူ ဒေါ်စန္ဒာမြင့် (၁၂/ဥကတ (နိုင်)၁၁၅၁၀၆)မှ မိမိသာလျှင် လက်ဝယ်ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း၊ ဝန်ခံကတိပြုရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးအေးဟန် (၁၂/ဒဂတ(နိုင်)၀၄၈၂၉၃)မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်သည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးထွန်းထွန်းနိုင် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၃၈၄၄၂)**
**အမှတ် (၃၂၈/က)၊ နဝရတ်ကိုးသွယ်လမ်း၊ (၅၆)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊**
**ဖုန်း-၀၉-၂၅၈၉၁၃၇၆၈၊ ၀၉-၉၅၅၇၂၀၆၆၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် (၁၆၈/၅)၊ မြေကွက်အမှတ် (၃၈/ခ)၊ (အလျား ပေ ၂၀xအနံပေ ၆၀)၊ ဧရိယာ စတုရန်းပေ ၁၂၀၀ အကျယ်အဝန်းရှိ ဦးစိန်လှိုင် အမည်ပေါက် စလစ်မြေကွက်နှင့် အကျိုးခံစားခွင့် အရပ်ရပ်များအားလုံးတို့ကို အရောင်းအဝယ်အဆက်ဆက် စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသော ဦးထက်ဆန်းအောင် (၁၂/ဒဂဆ(နိုင်) ၀၂၂၅၆၄) က ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံလျက် အခြားတစ်နည်းနည်းဖြင့် ကြိုတင်လွှဲပြောင်းထားခြင်း၊ ရောင်းချထားခြင်းမရှိကြောင်း ပိုင်ဆိုင်မှု အထောက်အထားများပြသ၍ ဝန်ခံကတိပြုကာ ရောင်းချသူ ဦးထက်ဆန်းအောင်ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကောင်းမြတ်ကျော် (၆/ထဝန(နိုင်)၀၈၄၉၃၇) သည် အပြီးအပိုင်ဝယ်ယူရန် စရန်ငွေကျပ် အချို့ကို ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း တရားဝင်ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့် တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့် ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ကျော်လှိုင်**
**LL.B, D.B.L, W.I.P.O (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၃၆၀)**
**အမှတ် (၆၈၆)၊ အနော်မာ (၁၆)လမ်းအရှေ့၊ ၁ရပ်ကွက်၊ သာကေတမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၀၁၆၂၄၈၁**

## ကန့်ကွက်နိုင်ပါကြောင်း

မော်လမြိုင်မြို့၊ ဘိုကုန်းရပ်ကွက်၊ အကွက်အမှတ်(၆၅/ဘိုကုန်း)၊ ဦးပိုင်အမှတ်(၆၇/က)၊ မြေချိန်ဧရိယာ(၀ဒသမ၀၃၀)ကေနှင့် ဦးပိုင်အမှတ် (၆၈)၊ မြေချိန်ဧရိယာ(၀ဒသမ၀၉၀)ကေရှိ ဦးပိုင်နှစ်ခု၊ စုစုပေါင်းဧရိယာ (၀ဒသမ၁၂၀)ကေရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးသည် ဒေါ်မာတင် အမည်ပေါက်ပိုင်ဆိုင်သော မြေကွက်များ ဖြစ်ပါသည်။ ဒေါ်မာတင်နှင့် ဦးဘညိမ်းတို့တွင် သား/သမီး(၅)ဦးမွေးဖွားခဲ့ပြီး ဦးအေးကြူ၊ ဒေါ်ချစ်စိန်၊ ဒေါ်ညွန့်ညွန့်၊ ဒေါ်အေးသန်း၊ ဒေါ်အုန်းကြည်တို့ ဖြစ်ကြပါသည်။ ၎င်းအမွေဆိုင်များမှ အမွေဆက်ခံပိုင်ဆိုင်ကြောင်းကို (၃-၁-၂၀၂၂)ရက်စွဲပါ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အမှတ် ၅/၂၀၂၂အရ ကြေညာခဲ့ပြီး၍ မောင်နှမ(၅)ဦးပိုင်ဆိုင်သော မြေကွက်များ ဖြစ်ပြီး မောင်နှမ(၅)ဦးထံမှ မော်လမြိုင်မြို့၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာအင်းရင်းဦးစီးဌာနရုံးတွင် (၂၇-၁-၂၀၂၃)ရက်စွဲပါ မြေကွက်သက်သက် အရောင်းအဝယ် စာချုပ်အမှတ် ၂၈/၂၀၂၃အရ ဒေါ်နီဝါအိ (၁၀/မလမ(နိုင်)၂၀၅၂၃၂) ဝယ်ယူခဲ့၍ ဒေါ်နီဝါအိအမည်သို့ ပြောင်းလဲပေးရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော အထောက်အထားများနှင့်အတူ ကြေညာသည့်ရက်မှစ၍ ၁၅ရက်အတွင်း မော်လမြိုင်မြို့ မြို့နယ်လယ်ယာမြေစီမံ ခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ရန်မရှိပါက အမည်ပြောင်း လျှောက်ထားခြင်းကို ဥပဒေ၊ နည်းဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊**
**မော်လမြိုင်မြို့**

## ကြော်ငြာစာ

